မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

အမှတ် ၄၀ ] ရန်ကုန်မြို့ { ၁၃၇၉ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁ ရက် ( ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၆ ရက် ) } သောကြာနေ့ [ အတွဲ ၇၀

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်အမှတ် ၁၉/၂၀၁၇**

၁၃၇၉ ခုနှစ်၊ ဝါခေါင်လဆန်း ၈ ရက်

(၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်)

**ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၄၊ ပုဒ်မခွဲ (က)၊ (ဃ) နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၉) တို့ပါ ပြဋ္ဌာန်းချက်များအရ ဦးဆက်အောင် ကို စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်အမှတ် ၂၀/၂၀၁၇**

၁၃၇၉ ခုနှစ်၊ ဝါခေါင်လဆန်း ၈ ရက်

(၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်)

**မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌများ ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေပုဒ်မ ၉ ပါ ပြဋ္ဌာန်းချက်အရ အောက်ဖော်ပြပါပုဂ္ဂိုလ်များအား မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌများအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

(၁) ဦးစိုးမင်း ဒုတိယဥက္ကဋ္ဌ
(၂) ဦးစိုးသိန်း ဒုတိယဥက္ကဋ္ဌ
(၃) ဦးဘိုဘိုငယ် ဒုတိယဥက္ကဋ္ဌ

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်အမှတ် ၂၁/၂၀၁၇**

၁၃၇၉ ခုနှစ်၊ ဝါခေါင်လဆန်း ၉ ရက်

(၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၁ ရက်)

**ပြည်ထောင်စုဝန်ကြီး ရာထူးမှ နုတ်ထွက်ခွင့်ပြုခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၅၊ ပုဒ်မခွဲ (ခ) နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၆၈၊ ပုဒ်မခွဲ (က) တို့ပါ ပြဋ္ဌာန်းချက်များအရ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဖေဇင်ထွန်း ကို ယင်း၏ သဘောဆန္ဒအလျောက် ရာထူးမှနုတ်ထွက်ခွင့်ပြုလိုက်သည်။

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်အမှတ် ၂၂/၂၀၁၇**

၁၃၇၉ ခုနှစ်၊ ဝါခေါင်လဆန်း ၉ ရက်

(၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၁ ရက်)

**ပြည်ထောင်စုဝန်ကြီး တာဝန် ပူးတွဲထမ်းဆောင်စေခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၂ နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၂ တို့ပါ ပြဋ္ဌာန်းချက်များအရ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင် ကို လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ တာဝန်ကိုပါ ယနေ့မှစ၍ ပူးတွဲထမ်းဆောင်စေလိုက်သည်။

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်အမှတ် ၂၃/၂၀၁၇**

၁၃၇၉ ခုနှစ်၊ ဝါခေါင်လဆန်း ၁၂ ရက်

(၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၄ ရက်)

**ချင်းပြည်နယ်တရားလွှတ်တော် တရားသူကြီး ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၀၈၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၄)၊ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၈၂၊ ပုဒ်မခွဲ (ဃ)၊ ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၄၅ နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၈၊ ပုဒ်မခွဲ (ဃ) တို့ပါ ပြဋ္ဌာန်းချက်များအရ ဦးတဲရင့်စ်စံမှိုင်းနီခွဲ ကို ချင်းပြည်နယ်တရားလွှတ်တော် တရားသူကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၄၉/၂၀၁၇)**

၁၃၇၉ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၉ ရက်

(၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၁၇ ရက်)

**ရေနံလက်ယက်တွင်းဆိုင်ရာဥပဒေ**

**ထုတ်ပြန်ကြေညာခြင်း**

နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုးသော **ရေနံလက်ယက်တွင်းဆိုင်ရာဥပဒေ** (၂၀၁၇ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၁၅ ။ ) ကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၁၁ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

## ရေနံလက်ယက်တွင်းဆိုင်ရာဥပဒေ

## (၂၀၁၇ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၁၅ ။)

၁၃၇၉ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၉ ရက်

(၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၁၇ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အခန်း (၁)

### အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို ရေနံလက်ယက်တွင်းဆိုင်ရာဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက် စေရမည် -

(က) **နိုင်ငံတော်**ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ဆိုသည်။

(ခ) **ဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုအစိုးရ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနကို ဆိုသည်။

(ဂ) **ရေနံလက်ယက်တွင်း**ဆိုသည်မှာ လိုင်စင်ပါ စည်းကမ်းချက်များနှင့်အညီ လူအင်အား သို့မဟုတ် စက်အင်အား သို့မဟုတ် အင်အားနှစ်ရပ်စလုံးဖြင့် အနက် ပေ ၁၀၀၀ ထက်မပိုသော ရေနံတူးဖော် ထုတ်လုပ်သည့်တွင်းကို ဆိုသည်။

(ဃ) **ရေနံလက်ယက်တွင်းမှ ထွက်ရှိသောရေနံ**ဆိုသည်မှာ ရေနံလက်ယက်တွင်းမှထွက်ရှိသည့် ဟိုက်ဒရိုကာဗွန်အရည် သို့မဟုတ် ဟိုက်ဒရိုကာဗွန်အရောအနှော သို့မဟုတ် မီးလောင်လွယ်သည့် အရောအနှော စသည်တို့ကို ဆိုသည်။ ယင်းစကားရပ်တွင် သဘာဝဓာတ်ငွေ့ မပါဝင်။

(င) **ရေနံလက်ယက်တွင်းတူးဖော်ခြင်း**ဆိုသည်မှာ ရေနံရယူရန်အလို့ငှာ သက်ဆိုင်ရာလုပ်ကွက်၏ မြေမျက်နှာပြင်ကိုဖြစ်စေ၊ မြေအောက်ကျောက်လွှာကိုဖြစ်စေ တူးဖော်ခြင်း၊ တူးဖောက်ခြင်း၊ တူးဆွခြင်းလုပ်ငန်းကို ဆိုသည်။

(စ) **ရေနံလက်ယက်တွင်းမှ ရေနံထုတ်လုပ်ခြင်း**ဆိုသည်မှာ လုပ်ကွက်အတွင်းတွင် ရေနံရယူရန်အလို့ငှာ မြေမျက်နှာပြင်ကိုဖြစ်စေ၊ မြေအောက်ကျောက်လွှာကိုဖြစ်စေ တူးဖော်ခြင်း၊ တူးဖောက်ခြင်း၊

တူးဆွခြင်းမှထွက်ရှိလာသည့် ရေနံကိုဖြစ်စေ၊ မြေအောက်မှ မြေပြင်ပေါ်သို့ အလိုအလျောက် စိမ့်ထွက်သောရေနံကိုဖြစ်စေ ထုတ်ယူခြင်းလုပ်ငန်းကို ဆိုသည်။

(ဆ) **လုပ်ကွက်**ဆိုသည်မှာ နိုင်ငံတော်ပိုင်နယ်နိမိတ်အတွင်းရှိ ကုန်းတွင်းပိုင်းတွင် ရေနံလက်ယက်တွင်း တူးဖော်ခြင်းနှင့် ရေနံလက်ယက်တွင်းမှ ရေနံထုတ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်လိုသည့် ပုဂ္ဂိုလ် သို့မဟုတ် မြန်မာနိုင်ငံသားများဖြင့် ဖွဲ့စည်းထားသော အဖွဲ့အစည်းမှ အဆိုပြုလျှောက်ထားသည့် အကျယ်အဝန်းအပေါ် ဝန်ကြီးဌာနက စိစစ်ခွင့်ပြုသော လက်ယက်တွင်းလုပ်ကွက်ကို ဆိုသည်။

(ဇ) **လိုင်စင်**ဆိုသည်မှာ ပုဂ္ဂိုလ် သို့မဟုတ် မြန်မာနိုင်ငံသားများဖြင့် ဖွဲ့စည်းထားသော အဖွဲ့အစည်းအား ရေနံလက်ယက်တွင်း တူးဖော်ခြင်းနှင့် ရေနံလက်ယက်တွင်းမှ ရေနံထုတ်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်ခွင့်ပြုကြောင်း ဝန်ကြီးဌာနက လုပ်ကွက်အလိုက် ထုတ်ပေးသည့် ခွင့်ပြုချက်လိုင်စင်ကို ဆိုသည်။

(ဈ) **လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ**ဆိုသည်မှာ လုပ်ကွက်အတွင်း ရေနံလက်ယက်တွင်းတူးဖော်ခြင်းနှင့် ရေနံလက်ယက်တွင်းမှ ရေနံထုတ်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင်ရသည့် ပုဂ္ဂိုလ် သို့မဟုတ် မြန်မာနိုင်ငံသားများဖြင့် ဖွဲ့စည်းထားသော အဖွဲ့အစည်းကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်မှာ အောက်ပါအတိုင်းဖြစ်သည် -

(က) နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန်၊

(ခ) သက်ဆိုင်ရာလုပ်ကွက် တည်ရှိရာဒေသ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေရန်၊

(ဂ) ရေနံလက်ယက်တွင်းများမှ ရေနံများကို အန္တရာယ်ကင်းရှင်းစွာဖြင့် စနစ်တကျ တူးဖော်ထုတ်လုပ်ရေး ဆောင်ရွက်ရန်၊

(ဃ) ရေနံလက်ယက်တွင်းတူးဖော်ခြင်းနှင့် ရေနံလက်ယက်တွင်းမှ ရေနံထုတ်လုပ်ခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သည့် ပတ်ဝန်းကျင်ထိခိုက်မှုများနှင့် လူမှုစီးပွားထိခိုက်မှုများ အနည်းဆုံးဖြစ်စေရေးကို ဆောင်ရွက်ရန်။

## အခန်း (၃)
## လုပ်ကွက်နှင့် လိုင်စင်လျှောက်ထားခြင်း

၄။ ရေနံလက်ယက်တွင်း တူးဖော်ခြင်းနှင့် ရေနံလက်ယက်တွင်းမှ ရေနံထုတ်လုပ်ခြင်းလုပ်ငန်းလုပ်ကိုင်ရန် လျှောက်ထားသူသည် မြန်မာနိုင်ငံသား သို့မဟုတ် မြန်မာနိုင်ငံသားများဖြင့် ဖွဲ့စည်းထားသော အဖွဲ့အစည်းများသာ ဖြစ်ရမည်။

၅။ ရေနံလက်ယက်တွင်း တူးဖော်ခြင်းနှင့် ရေနံလက်ယက်တွင်းမှ ရေနံထုတ်လုပ်ခြင်းလုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်လိုသော ပုဂ္ဂိုလ် သို့မဟုတ် မြန်မာနိုင်ငံသားများဖြင့် ဖွဲ့စည်းထားသော အဖွဲ့အစည်းသည် မိမိလုပ်ကိုင်လိုသည့် လုပ်ကွက်၏ တည်နေရာ၊ အကျယ်အဝန်းနှင့် သက်ဆိုင်ရာ ဌာနအသီးသီး၏ ထောက်ခံချက်တို့ကို ပြည့်စုံစွာဖော်ပြ၍ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့သို့ လျှောက်ထားရမည်။

၆။ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့သည် လျှောက်လွှာပါ ဖော်ပြချက်များကို သတ်မှတ်ချက်များနှင့် ပြည့်စုံညီညွတ်ခြင်း ရှိ မရှိ စိစစ်၍ မိမိ၏ သဘောထားမှတ်ချက်နှင့်အတူ ဝန်ကြီးဌာနသို့ တင်ပြရမည်။

၇။ ဝန်ကြီးဌာနသည် ပုဒ်မ ၆ အရ တင်ပြလာသော လျှောက်လွှာကို လက်ခံရရှိသည့်အခါ လျှောက်ထားချက်ကို စိစစ်၍ -

(က) လိုအပ်ပါက သက်ဆိုင်ရာ ဝန်ကြီးဌာနများ၏ သဘောထားမှတ်ချက်များကို တောင်းခံနိုင်သည်။

(ခ) သက်ဆိုင်ရာဝန်ကြီးဌာနများက ထောက်ခံမှုမရှိလျှင်သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့် ညီညွတ်ခြင်းမရှိလျှင်သော်လည်းကောင်း လျှောက်ထားချက်ကို ငြင်းပယ်နိုင်သည်။

(ဂ) ငြင်းပယ်ပါက ငြင်းပယ်ရသည့်အကြောင်းရင်းကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့သို့ ပြန်ကြားရမည်။

၈။ ပုဒ်မ ၇ အရ ဆောင်ရွက်ပြီးသည့် လုပ်ကွက်နှင့်ပတ်သက်၍ ဝန်ကြီးဌာနသည် မိမိတို့ဝန်ကြီးဌာနက သတ်မှတ်ထားသော သို့မဟုတ် သတ်မှတ်ရန်လျာထားသော ရေနံနှင့် သဘာဝဓာတ်ငွေ့ရှာဖွေတူးဖော်သည့် လုပ်ကွက်ဧရိယာများနှင့် လွတ်ကင်းမှု ရှိ မရှိနှင့် အခြားလိုအပ်ချက်များကို စိစစ်၍ သတ်မှတ်ချက်များနှင့် ညီညွတ်ပါက ယင်းလုပ်ကွက်ကို ခွင့်ပြုနိုင်ရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့သို့ ဆက်လက်တင်ပြ ဆောင်ရွက်ရမည်။

၉။ ပုဒ်မ ၈ အရ ဝန်ကြီးဌာန၏ တင်ပြချက်ကို ပြည်ထောင်စုအစိုးရအဖွဲ့က သဘောတူညီလျှင် ဝန်ကြီး ဌာနသည် ယင်းလုပ်ကွက်နှင့်စပ်လျဉ်းသည့် တစ်နှစ်သက်တမ်းရှိသော လိုင်စင်ကို လျှောက်ထားသူအား ထုတ်ပေးရမည်။

၁၀။ ပုဒ်မ ၉ ပါ လိုင်စင်ကို သက်တမ်းတိုးလိုသည့် လုပ်ငန်းလုပ်ကိုင်ခွင့်ရသူသည် လိုင်စင်သက်တမ်း မကုန်ဆုံးမီ နှစ်လ ကြိုတင်၍ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့သို့ သက်တမ်းတိုး လျှောက်လွှာဖြင့် လျှောက်ထားရမည်။

၁၁။ လျှောက်လွှာလက်ခံရရှိသည့် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့သည် သက်တမ်း တိုးလိုသည့် လျှောက်လွှာကို ပြန်လည်စိစစ်၍ လိုင်စင်သက်တမ်းမကုန်ဆုံးမီ တစ်လကြိုတင်၍ ဝန်ကြီးဌာနသို့ ဆက်လက်ပေးပို့ရမည်။

၁၂။ ဝန်ကြီးဌာနသည် သက်တမ်းတိုး လျှောက်ထားချက်ကို စိစစ်၍ -

(က) သတ်မှတ်ချက်များနှင့် ညီညွတ်မှုရှိပါက လျှောက်ထားသူအား တစ်နှစ်သက်တမ်းရှိသည့် လိုင်စင်ကို ထုတ်ပေးရမည်။

(ခ) သတ်မှတ်ချက်များနှင့်ညီညွတ်မှုမရှိသော လျှောက်ထားချက်ကို အကြောင်းပြချက်ဖြင့် ငြင်းပယ်ပြီး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့မှ တစ်ဆင့် လျှောက်ထားသူကို အကြောင်းကြား ရမည်။

## အခန်း (၄)
## ဝန်ကြီးဌာန၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၁၃။ ဝန်ကြီးဌာနသည် -

(က) လိုင်စင်စည်းကမ်းချက်များကို သတ်မှတ်ခြင်း၊ အခါအားလျော်စွာ ပြင်ဆင်ခြင်းနှင့် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

(ခ) လုပ်ငန်းလုပ်ကိုင်ခွင့်ရသူက လိုင်စင်ပါစည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ခြင်း ရှိ မရှိ စစ်ဆေးရမည်။

(ဂ) လုပ်ငန်းလုပ်ကိုင်ခွင့်ရသူသည် လိုင်စင်ပါ စည်းကမ်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ကြောင်း ပုဒ်မခွဲ (ခ) အရ စစ်ဆေးတွေ့ရှိလျှင်ဖြစ်စေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့က တင်ပြချက်အရဖြစ်စေ သိရှိပါက စီမံခန့်ခွဲရေးနည်းလမ်းအရ လိုအပ်သလို အရေးယူဆောင်ရွက်ရမည်။

(ဃ) သတ်မှတ်ထားသည့် လျှောက်လွှာကြေးနှင့် လိုင်စင်ကြေး ကောက်ခံရမည်။

၁၄။ ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရက အများပြည်သူအကျိုးစီးပွားအလို့ငှာ လိုအပ်၍ လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ ဆောင်ရွက်နေသော လုပ်ကွက်မြေဧရိယာအားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ တည်ဆဲဥပဒေများနှင့်အညီ ပြန်လည်သိမ်းယူသည့်အခါ လုပ်ငန်းလုပ်ကိုင်ခွင့်ရသူသည် အခြားသင့်လျော်သည့် နေရာတစ်ခုခုကို အစားထိုးလုပ်ကိုင်ခွင့်ရရှိနိုင်ရန် ပြန်လည်လျှောက်ထားလာပါက စိစစ်ခွင့်ပြုနိုင်သည်။

## အခန်း (၅)

## တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၁၅။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) လုပ်ငန်းလုပ်ကိုင်ခွင့်ရသူက တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ခြင်း ရှိ မရှိ စိစစ်ခြင်း၊ အရေးယူဆောင်ရွက်ခြင်း၊

(ခ) လုပ်ငန်းလုပ်ကိုင်ခွင့်ရသူက လိုင်စင်ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ကြောင်း တွေ့ရှိပါက ဝန်ကြီးဌာနသို့ တင်ပြခြင်း၊

(ဂ) လုပ်ငန်းလုပ်ကိုင်ခွင့်ရသူသည် တည်ဆဲဥပဒေများ၊ ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ပါက စီမံခန့်ခွဲမှုနည်းလမ်းအရ လိုအပ်သလို အရေးယူဆောင်ရွက်ခြင်း၊

(ဃ) လိုင်စင်အား ရပ်ဆိုင်းခြင်း၊ ရုပ်သိမ်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြစ်ဒဏ်ချမှတ်သင့်ကြောင်း ပေါ်ပေါက်ပါက ဝန်ကြီးဌာနသို့ တင်ပြခြင်း၊

(င) လုပ်ငန်းလုပ်ကိုင်ခွင့်ရသူက ရေနံလက်ယက်တွင်းတူးဖော်ခြင်း၊ ရေနံလက်ယက်တွင်းမှ ရေနံထုတ်လုပ်ခြင်း၊ ရေနံလက်ယက်တွင်းမှ ထွက်ရှိသော ရေနံများကို သိုလှောင်ခြင်း၊ သယ်ယူခြင်း၊ ချက်လုပ်ခြင်း၊ ရောင်းချခြင်းတို့နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုက်နာဆောင်ရွက်စေရန် ကြီးကြပ်ခြင်း၊ ညွှန်ကြားခြင်း၊ စိစစ်ခြင်း၊ လိုအပ်သလို အရေးယူဆောင်ရွက်ခြင်း၊

(စ) ရေနံလက်ယက်တွင်းမှ ထွက်ရှိသည့် ရေနံအတွက် ပေးသွင်းရမည့်ခိုင်ကြေးနှင့် လုပ်ကွက်အတွက် မြေငှားရမ်းခများ ကောက်ခံခြင်း၊

(ဆ) ရေနံလက်ယက်တွင်းမှ ထွက်ရှိသည့် နေ့စဉ်ရေနံထုတ်လုပ်မှုစာရင်းကို လစဉ် လဆန်း ခုနစ်ရက်အတွင်း ဝန်ကြီးဌာနသို့ ပေးပို့စေခြင်း၊

(ဇ) ရေနံလက်ယက်တွင်းမှ သဘာဝဓာတ်ငွေ့ထွက်ရှိပါက ဝန်ကြီးဌာနသို့ ချက်ချင်းတင်ပြစေခြင်း။

## အခန်း (၆)

## လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ လိုက်နာရမည့် စည်းကမ်းများ

၁၆။ လုပ်ငန်းလုပ်ကိုင်ခွင့်ရသူသည် -

(က) ဤဥပဒေနှင့်တည်ဆဲဥပဒေများပါ ပြဋ္ဌာန်းချက်များ၊ လိုင်စင်ပါ စည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်ရမည်။

(ခ) ရေနံလက်ယက်တွင်းတူးဖော်ခြင်းနှင့် ရေနံလက်ယက်တွင်းမှ ရေနံထုတ်လုပ်ခြင်း ဆောင်ရွက်ရာတွင် တည်ဆဲဥပဒေများနှင့်အညီ သက်ဆိုင်ရာဒေသ၏ ပတ်ဝန်းကျင်သစ်ညမ်းမှု၊ ပျက်စီးမှုမဖြစ်စေရန်နှင့် ဒေသခံပြည်သူများ၏ လူမှုစီးပွားထိခိုက်မှုမဖြစ်စေရန် ဆောင်ရွက်ရမည့်အပြင် လုပ်ငန်းဆောင်ရွက် ပြီးစီးသည့်အခါ လုပ်ကွက်အား မူလအနေအထားအတိုင်း ဖြစ်စေရန် ပြန်လည်ပြုပြင်ထားရှိရမည်။

(ဂ) ရေနံလက်ယက်တွင်း တူးဖော်ခြင်း၊ ရေနံလက်ယက်တွင်းမှ ရေနံထုတ်လုပ်ခြင်း၊ သိုလှောင်ခြင်းနှင့် ချက်လုပ်ခြင်းလုပ်ငန်းများတွင် လုပ်ကိုင်နေသော အလုပ်သမားများနှင့်ပတ်သက်၍ တည်ဆဲဥပဒေ များနှင့်အညီ ဆောင်ရွက်ရမည်။

(ဃ) လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ ကိုယ်တိုင်ကြီးကြပ်လုပ်ကိုင်ရမည်။ အခြား မည်သည့်ပုဂ္ဂိုလ် သို့မဟုတ် မြန်မာနိုင်ငံသားများဖြင့် ဖွဲ့စည်းထားသော အဖွဲ့အစည်းကိုမျှ လုပ်ကွက်တစ်ခုလုံးကိုသော် လည်းကောင်း၊ တစ်စိတ်တစ်ပိုင်းကိုသော်လည်းကောင်း လွှဲပြောင်းဆောင်ရွက်ခြင်းမပြုရ။

(င) လိုင်စင်ထုတ်ပေးသည့်နေ့မှ သုံးလအတွင်း ရေနံလက်ယက်တွင်းတူးဖော်ခြင်းနှင့် ရေနံလက်ယက် တွင်းမှ ရေနံထုတ်လုပ်ခြင်းကို စတင်ဆောင်ရွက်ရမည်။

(စ) ယင်းရေနံလက်ယက်တွင်း တူးဖော်ခြင်း၊ ရေနံလက်ယက်တွင်းမှ ရေနံထုတ်လုပ်ခြင်းနှင့်ပတ်သက်သည့် အချက်အလက်များနှင့် ထုတ်ယူရရှိသည့် ရေနံနမူနာကို မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းသို့ သတ်မှတ်ချက်နှင့်အညီ ပေးအပ်ရမည်။

(ဆ) နေ့စဉ် ရေနံထုတ်လုပ်မှုပမာဏစာရင်းဇယားကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့မှတစ်ဆင့် ဝန်ကြီးဌာနသို့ လစဉ် မပျက်မကွက် ပေးပို့ရမည်။

(ဇ) ပြည်ထောင်စုအစိုးရက အများပြည်သူအကျိုးစီးပွားအလို့ငှာ လိုအပ်လာလျှင် ရေနံထုတ်လုပ်ရန် ခွင့်ပြုထားသော မြေဧရိယာအားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ တည်ဆဲဥပဒေများနှင့် အညီ ပြန်လည်သိမ်းယူသည့်အခါ ပြန်လည်အပ်နှံရမည်။ ထိုသို့ ပြန်လည်အပ်နှံပြီးနောက် လုပ်ငန်း လုပ်ကိုင်ခွင့်ရသူသည် အခြားသင့်လျော်သည့် နေရာတစ်ခုခုကို အစားထိုးလုပ်ကိုင်ခွင့်ရရှိနိုင်ရန် ဤဥပဒေနှင့်အညီ ပြန်လည်လျှောက်ထားနိုင်သည်။

(ဈ) လိုင်စင်ရုပ်သိမ်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းခံရပါက ရုပ်သိမ်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းခံရသည့် နေ့တွင် လုပ်ငန်းရပ်ဆိုင်းပြီး လုပ်ကွက်အတွင်းမှ တစ်လအတွင်း ဖယ်ရှားပေးရမည်။

(ည) လိုင်စင်သက်တမ်းအတွင်း လုပ်ငန်းကို ဆက်လက်လုပ်ကိုင် ဆောင်ရွက်လိုခြင်းမရှိပါက သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့မှတစ်ဆင့် ဝန်ကြီးဌာနသို့ အကြောင်းကြား၍ လုပ်ကွက်လိုင်စင်အား ပြန်လည်အပ်နှံရမည်။

(ဋ) လုပ်ငန်းသုံးပစ္စည်းများ၏ အရည်အသွေး၊ ဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအစီအမံများ အပါအဝင် လုပ်ငန်းဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့က ဖွဲ့စည်းပေးသော စစ်ဆေးရေးအဖွဲ့၏ လိုအပ်သလို စစ်ဆေး ကြပ်မတ်မှုကို ခံယူရမည်။

(ဌ) မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရန် အထူးစီမံချက်များကို လိုက်နာရမည်။

(ဍ) ရေနံလက်ယက်တွင်းမှ သဘာဝဓာတ်ငွေ့ထွက်ရှိပါက ဝန်ကြီးဌာနသို့ ချက်ချင်းတင်ပြရမည်။

၁၇။ လုပ်ငန်းလုပ်ကိုင်ခွင့်ရသူသည် -

(က) ရေနံလက်ယက်တွင်းမှ ထွက်ရှိသည့် ရေနံကို သိုလှောင်ခြင်း၊ သယ်ယူခြင်း၊ ချက်လုပ်ခြင်း၊ ရောင်းချ ခြင်းတို့နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

(ခ) တည်ဆဲဝင်ငွေခွန်ဥပဒေနှင့် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေတို့နှင့်အညီ ကျသင့်သည့် ဝင်ငွေခွန်နှင့် အခွန်အခများကို ပေးဆောင်ရမည်။

## အခန်း (၇)
## စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း

၁၈။ (က) ဝန်ကြီးဌာနသည် လိုင်စင်ပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ခြင်းမရှိသည့် လုပ်ငန်းလုပ်ကိုင်ခွင့်ရသူအား အောက်ဖော်ပြပါ စီမံခန့်ခွဲရေးပြစ်ဒဏ်တစ်ရပ်ရပ်ဖြစ်စေ၊ ပြစ်ဒဏ်တစ်ရပ်ထက်ပို၍ဖြစ်စေ ချမှတ်နိုင်သည် -

(၁) သတိပေးခြင်း၊

(၂) ဒဏ်ကြေးငွေ ပေးဆောင်စေခြင်း၊

(၃) လိုင်စင်အား ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်း၊

(၄) လိုင်စင်ရုပ်သိမ်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း။

(ခ) ဤဥပဒေအရ လိုက်နာဆောင်ရွက်ရမည့် တာဝန်များကို လိုက်နာရန် ပျက်ကွက်ခြင်းနှင့် စည်းကမ်းချက်များကို ဖောက်ဖျက်သည့် လုပ်ငန်းလုပ်ကိုင်ခွင့်ရသူကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့သည် အောက်ဖော်ပြပါ စီမံခန့်ခွဲရေးပြစ်ဒဏ်တစ်ရပ်ရပ် ဖြစ်စေ၊ ပြစ်ဒဏ်တစ်ရပ်ထက်ပို၍ဖြစ်စေ ချမှတ်နိုင်သည် -

(၁) သတိပေးခြင်း၊

(၂) ဒဏ်ကြေးငွေပေးဆောင်စေခြင်း။

(ဂ) ပုဒ်မခွဲ (က) သို့မဟုတ် ပုဒ်မခွဲ (ခ) ပါ ပြစ်ဒဏ်တစ်ရပ်ရပ် ချမှတ်ခြင်းခံရသူသည် ထိုသို့ ပြစ်ဒဏ်ချမှတ်ခြင်းခံရသည့်နေ့မှ ရက်ပေါင်း (၃၀) အတွင်း ဝန်ကြီးဌာနသို့ ပြန်လည်သုံးသပ်ပေးနိုင်ရန် တင်ပြနိုင်သည်။ ဝန်ကြီးဌာနသည် ယင်းတင်ပြလာမှုအပေါ် စိစစ်၍ မူလဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်း ပြုနိုင်သည်။

## အခန်း (၈)
## ပြစ်မှုနှင့်ပြစ်ဒဏ်

၁၉။ မည်သူမဆို ရေနံလက်ယက်တွင်း တူးဖော်ခြင်းနှင့် ရေနံလက်ယက်တွင်းမှ ရေနံထုတ်လုပ်ခြင်းလုပ်ငန်းကို လိုင်စင်မရှိဘဲ လုပ်ကိုင်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး တစ်နှစ်မှ အများဆုံး သုံးနှစ်အထိထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်းငါးဆယ်အောက်မနည်းသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ခြင်းခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့်ပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်။

၂၀။ လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ မည်သူမဆို ပုဒ်မ ၁၆၊ ပုဒ်မခွဲ (ခ) ပါ တာဝန်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်းငါးဆယ်ထက်မပိုသောငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရမည့်အပြင် ပတ်ဝန်းကျင်ညစ်ညမ်းမှု သို့မဟုတ် ပျက်စီးမှု သို့မဟုတ် လူမှုစီးပွားထိခိုက်မှုအတွက် ကုစားရသည့် ကုန်ကျစရိတ်များကို ထိုသူက ပေးလျော်စေရမည်။

၂၁။ လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ မည်သူမဆို ပုဒ်မ ၁၆၊ ပုဒ်မခွဲ (ဃ)၊ ပုဒ်မခွဲ (ဈ) နှင့် ပုဒ်မခွဲ (ဋ) တို့ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း သို့မဟုတ် သတ်မှတ်ထားသောတာဝန်တစ်ရပ်ရပ်ကို

လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ခြောက်လမှ အများဆုံး တစ်နှစ်အထိထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်းသုံးဆယ်အောက်မနည်းသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့်ပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်။

## အခန်း (၉)

## အထွေထွေ

၂၂။ ဤဥပဒေအာဏာမတည်မီက တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ထုတ်ပေးထားသော လိုင်စင်သည် သက်တမ်းကုန်ဆုံးခြင်းမရှိသေးပါက -

(က) ဤဥပဒေအရ ထုတ်ပေးသည့်လိုင်စင်ဖြစ်သည်ဟု မှတ်ယူရမည်။

(ခ) ယင်းလိုင်စင်၏သက်တမ်းသည် လိုင်စင်ပါ သက်တမ်းအတိုင်းသာဖြစ်ရမည်။

(ဂ) လိုင်စင်သက်တမ်းကုန်ဆုံးလျှင် လိုင်စင်သက်တမ်းတိုးခြင်းကို ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် အညီ ဆောင်ရွက်ရမည်။

၂၃။ (က) ရေနံလက်ယက်တွင်းတူးဖော်ခြင်းနှင့် ရေနံလက်ယက်တွင်းမှ ရေနံထုတ်လုပ်ခြင်း လုပ်ကိုင်ခွင့် လျှောက်ထားသူသည် -

(၁) မိမိလုပ်ကိုင်ရန် လျှောက်ထားသည့် လုပ်ကွက်တွင် အခြားသောပိုင်ရှင် သို့မဟုတ် ဥပဒေအရ အခွင့်အရေးတစ်စုံတစ်ရာ ရရှိထားသူ မရှိစေရန်လည်းကောင်း၊ မိမိလုပ်ကိုင်ခွင့် ရရှိခြင်းသည် ဥပဒေနှင့်အညီ ဖြစ်စေရန်လည်းကောင်း တာဝန်ယူဆောင်ရွက်ရမည်။

(၂) လိုင်စင်ရရှိပြီးနောက် မိမိလုပ်ကွက်တွင် ပိုင်ရှင် သို့မဟုတ် ဥပဒေအရ အခွင့်အရေး တစ်စုံတစ်ရာရှိသူပေါ်ပေါက်ပြီး ကန့်ကွက်လျှင် မိမိကိုယ်တိုင် တာဝန်ယူဖြေရှင်းရမည်။

(ခ) ဝန်ကြီးဌာနသည် လုပ်ကွက်နှင့်စပ်လျဉ်း၍ ကန့်ကွက်ချက်ရှိပါက ယင်းကန့်ကွက်ချက်ကို လိုင်စင်ရရှိသူက ပုဒ်မခွဲ (က) နှင့်အညီ ပြီးပြတ်သည်အထိ ဖြေရှင်းနိုင်ခြင်းမရှိလျှင် ရေနံ လက်ယက်တွင်း တူးဖော်ခြင်းနှင့် ရေနံလက်ယက်တွင်းမှ ရေနံထုတ်လုပ်ခြင်း လုပ်ကိုင်ခွင့် ရသူအား ထုတ်ပေးထားသည့်လိုင်စင်ကို ရုပ်သိမ်းနိုင်သည်။

၂၄။ ဤဥပဒေပါ ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၂၅။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ရာတွင် ယှဉ်ပြိုင်မှုကို ကန့်သတ်ထိန်းချုပ်သည့် ဆောင်ရွက်ချက်များဖြစ်သည့် လက်ဝါးကြီးအုပ် လုပ်ကိုင်ဆောင်ရွက်ခြင်းများ မပေါ်ပေါက်စေရန် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့က ကြီးကြပ်ဆောင်ရွက်ရမည်။

၂၆။ (က) ဤဥပဒေပါ လုပ်ငန်းများကို လုပ်ကိုင်ခွင့်ရသူသည် လုပ်ငန်းမှထုတ်ယူရရှိသော ရေနံပမာဏပေါ် မူတည်၍ သက်ဆိုင်ရာ ရေနံလက်ယက်တွင်းလုပ်ကွက်တည်ရှိရာဒေသ၏ လူမှုစီးပွားဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ အဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့၏ သတ်မှတ်စည်းကမ်းချက်နှင့်အညီ ရန်ပုံငွေထည့်ဝင်ရမည်။

(ခ) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့သည် ယင်းရန်ပုံငွေကို လက်ခံ ရရှိမှု၊ ထိန်းသိမ်းမှု၊ ထုတ်ယူသုံးစွဲမှု၊ စီမံခန့်ခွဲမှုတို့နှင့်စပ်လျဉ်း၍ ပွင့်လင်းမြင်သာစွာ ဆောင်ရွက် ရမည်။

၂၇။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာနသည် နည်းဥပဒေများ၊ စည်းမျဉ်းနှင့်စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနသည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ဂ) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့သည် မိမိတို့ သက်ဆိုင်ရာ နယ်မြေဒေသအတွက် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၅၀/၂၀၁၇)**

၁၃၇၉ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၃ ရက်
(၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက်)

**တရားခံလွှဲပြောင်းရေးဥပဒေ**
**ထုတ်ပြန်ကြေညာခြင်း**

နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုးသော **တရားခံလွှဲပြောင်းရေးဥပဒေ** (၂၀၁၇ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၁၆ ။ ) ကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၁၁ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

## တရားခံလွှဲပြောင်းရေးဥပဒေ

## (၂၀၁၇ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၆ ။)

၁၃၇၉ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၃ ရက်
(၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အခန်း (၁)
### အမည်၊ သက်ဆိုင်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို တရားခံလွှဲပြောင်းရေးဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေသည် နိုင်ငံတော်နှင့် တရားခံလွှဲပြောင်းရေးဆိုင်ရာ နှစ်နိုင်ငံသဘောတူစာချုပ် ချုပ်ဆိုထားသည့် နိုင်ငံနှင့်ဖြစ်စေ၊ နိုင်ငံတော်က အဖွဲ့ဝင်အဖြစ်ပါဝင်သော တရားခံလွှဲပြောင်းရေးကိစ္စနှင့်

သက်ဆိုင်သည့် ဒေသဆိုင်ရာ သဘောတူစာချုပ်ဝင်နိုင်ငံနှင့်ဖြစ်စေ၊ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဝင်နိုင်ငံနှင့်ဖြစ်စေ၊ ယင်းစာချုပ်မရှိစေကာမူ တရားခံလွှဲပြောင်းရေးကို တောင်းဆိုသည့်နိုင်ငံနှင့် အပြန်အလှန်သဘောတူညီချက်ရရှိပြီးနောက် ယင်းနိုင်ငံနှင့်ဖြစ်စေ တရားခံလွှဲပြောင်းရေးနှင့်သက်ဆိုင်စေရမည်။

၃။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **နိုင်ငံတော်**ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ဆိုသည်။

(ခ) **အစိုးရအဖွဲ့**ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ကို ဆိုသည်။

(ဂ) **တရားခံလွှဲပြောင်းရေး**ဆိုသည်မှာ တောင်းဆိုသည့်နိုင်ငံ၏ စီရင်ပိုင်ခွင့်ရှိသည့် ပိုင်နက်နယ်မြေအတွင်း တရားခံလွှဲပြောင်းပေးနိုင်သည့် ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ပြီး အခြားနိုင်ငံတစ်နိုင်ငံအတွင်း ထွက်ပြေးတိမ်းရှောင်နေသူကိုဖြစ်စေ၊ ဖမ်းဆီးထားခြင်းခံရသူကိုဖြစ်စေ၊ တရားစွဲဆိုခြင်းခံရသူကိုဖြစ်စေ တောင်းဆိုသည့်နိုင်ငံက ထိုသူအပေါ် ယင်းပြစ်မှုဖြင့် တရားစွဲဆိုရန်၊ ပြစ်ဒဏ်ချမှတ်ရန် သို့မဟုတ် ပြစ်ဒဏ်အတည်ပြုရန် တောင်းဆိုသည့်အခါ လွှဲပြောင်းပေးခြင်းကို ဆိုသည်။ ယင်းစကားရပ်တွင် နိုင်ငံတော်ထံသို့ အခြားနိုင်ငံတစ်ခုက တရားခံလွှဲပြောင်းရန် တောင်းဆိုခြင်းနှင့် နိုင်ငံတော်က အခြားနိုင်ငံတစ်ခုသို့ တရားခံလွှဲပြောင်းပေးရန် တောင်းဆိုခြင်းတို့ ပါဝင်သည်။

(ဃ) **တရားခံလွှဲပြောင်းပေးနိုင်သည့်ပြစ်မှု**ဆိုသည်မှာ တရားခံလွှဲပြောင်းရေးတောင်းဆိုသည့်အချိန်တွင် နိုင်ငံတော်၏ တည်ဆဲဥပဒေတစ်ရပ်ရပ်အရလည်းကောင်း၊ တောင်းဆိုသည့်နိုင်ငံ၏ တည်ဆဲဥပဒေတစ်ရပ်ရပ်အရလည်းကောင်း ထောင်ဒဏ်နှစ်နှစ်နှင့်အထက် ပြစ်ဒဏ်ချမှတ်နိုင်သော ပြစ်မှုကို ဆိုသည်။

(င) **ခုံအဖွဲ့**ဆိုသည်မှာ တရားခံလွှဲပြောင်းရေးနှင့်စပ်လျဉ်း၍ တောင်းဆိုခြင်းခံရသူ၏ ခုခံချေပခွင့်ကို ကြားနာရန်အလို့ငှာ ဤဥပဒေနှင့်အညီ ဖွဲ့စည်းထားသောအဖွဲ့ကို ဆိုသည်။

(စ) **တောင်းဆိုခြင်းခံရသူ**ဆိုသည်မှာ တောင်းဆိုသည့်နိုင်ငံက ယင်းနိုင်ငံသို့ တရားခံလွှဲပြောင်းပေးရန် သို့မဟုတ် ယင်းရည်ရွယ်ချက်အရ ဖမ်းဆီးချုပ်နှောင်ရန် တောင်းဆိုခြင်းခံရသူကို ဆိုသည်။

(ဆ) **တောင်းဆိုသည့်နိုင်ငံ**ဆိုသည်မှာ ဤဥပဒေအရ တောင်းဆိုခြင်းခံရသူအား လွှဲပြောင်းပေးရန် သို့မဟုတ် ယင်းရည်ရွယ်ချက်အရ ဖမ်းဆီးချုပ်နှောင်ရန် တောင်းဆိုသော နိုင်ငံကို ဆိုသည်။

(ဇ) **လွှဲပြောင်းပေးခြင်းခံရသူ**ဆိုသည်မှာ လွှဲပြောင်းပေးသောနိုင်ငံမှ တောင်းဆိုသောနိုင်ငံသို့ လွှဲပြောင်းပေးခြင်းခံရသူကို ဆိုသည်။ ယင်းစကားရပ်၌ အခြားနိုင်ငံနှစ်နိုင်ငံ တရားခံလွှဲပြောင်းရေး ဆောင်ရွက်ရာတွင် နိုင်ငံတော်၏ ပိုင်နက်နယ်မြေကို ဖြတ်သန်းရသည့် အခြေအနေဖြစ်ပေါ်ပါက ယင်းလွှဲပြောင်းပေးခြင်းခံရသူလည်း ပါဝင်သည်။

(ဈ) **လွှဲပြောင်းပေးသောနိုင်ငံ**ဆိုသည်မှာ တောင်းဆိုခြင်းခံရသူအား တောင်းဆိုသည့်နိုင်ငံသို့ တရားခံလွှဲပြောင်းပေးသည့်နိုင်ငံကို ဆိုသည်။ ယင်းစကားရပ်၌ အခြားနိုင်ငံနှစ်နိုင်ငံ တရားခံလွှဲပြောင်းရေး ဆောင်ရွက်ရာတွင် နိုင်ငံတော်၏ ပိုင်နက်နယ်မြေကို ဖြတ်သန်းရသည့် အခြေအနေဖြစ်ပေါ်ပါက ယင်းတရားခံကို လွှဲပြောင်းပေးသောနိုင်ငံလည်း ပါဝင်သည်။

(ည) **တရားခံလွှဲပြောင်းရေးစာချုပ်**ဆိုသည်မှာ တရားခံလွှဲပြောင်းပေးရန် နိုင်ငံတော်နှင့် အခြားနိုင်ငံတစ်နိုင်ငံ ချုပ်ဆိုသည့်စာချုပ် သို့မဟုတ် နိုင်ငံတော်နှင့် ယင်းအခြားနိုင်ငံတစ်နိုင်ငံတို့ စာချုပ်ဝင်များအဖြစ်ပါဝင်သည့် နိုင်ငံများအကြား ချုပ်ဆိုထားသည့်စာချုပ်ကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်

၄။ ဤဥပဒေ၏ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) နိုင်ငံတော်က ပါဝင်ချုပ်ဆိုထားသော တရားခံလွှဲပြောင်းရေး စာချုပ်များအရဖြစ်စေ၊ တရားခံလွှဲပြောင်းရေးနှင့်သက်ဆိုင်သည့် သဘောတူစာချုပ်များအရဖြစ်စေ၊ တရားခံလွှဲပြောင်းရေးကို

တောင်းဆိုသည့်နိုင်ငံနှင့် အပြန်အလှန်သဘောတူညီချက်အရဖြစ်စေ တရားခံလွှဲပြောင်းရေးလုပ်ငန်း ဆောင်ရွက်နိုင်ရန်၊

(ခ) နိုင်ငံဖြတ်ကျော်မှုခင်းများကို ထိရောက်စွာ တိုက်ဖျက်နိုင်ရန်နှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်း ဆောင်ရွက်မှု တိုးမြှင့်ဆောင်ရွက်နိုင်ရန်၊

(ဂ) နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အခွင့်အရေးများနှင့် အကျိုးစီးပွားများကို ဥပဒေနှင့်အညီ ကာကွယ် စောင့်ရှောက်ရန်။

## အခန်း (၃)
## တရားခံလွှဲပြောင်းရေးဆိုင်ရာ အခြေခံမူများ

၅။ တောင်းဆိုသည့်နိုင်ငံက နိုင်ငံတော်သို့ တရားခံလွှဲပြောင်းပေးရန် တောင်းဆိုချက်သည် အောက်ပါ အခြေခံမူများနှင့် ကိုက်ညီရမည် -

(က) တောင်းဆိုခြင်းခံရသူ ကျူးလွန်သည့်ပြစ်မှုသည် နိုင်ငံတော်နှင့် တောင်းဆိုသည့် နိုင်ငံနှစ်နိုင်ငံ၏ တည်ဆဲဥပဒေများတွင် ထောင်ဒဏ်နှစ်နှစ်နှင့်အထက် ပြစ်ဒဏ်ချမှတ်နိုင်သည့် ပြစ်မှုအဖြစ် သတ်မှတ်ပြဋ္ဌာန်းထားခြင်း၊

(ခ) တောင်းဆိုခြင်းခံရသူသည် အခြားပြစ်မှုတစ်ရပ်အတွက် ထောင်ဒဏ်ချမှတ်ခြင်းခံရပြီးဖြစ်ပါက ထိုထောင်ဒဏ်ကို ကျခံပြီးဖြစ်ခြင်း။

၆။ နိုင်ငံတော်သည် အောက်ပါအခြေအနေတစ်ရပ်ရပ်တွင် တရားခံလွှဲပြောင်းရေးတောင်းဆိုချက်ကို ငြင်းပယ်နိုင်သည် -

(က) တောင်းဆိုခြင်းခံရသူသည် နိုင်ငံတော်၏ တည်ဆဲဥပဒေအရ နိုင်ငံသားဖြစ်ခြင်း၊

(ခ) တရားခံလွှဲပြောင်းပေးရန် တောင်းဆိုခြင်းပြုသည့်ပြစ်မှုသည် စစ်ဘက်ဆိုင်ရာ ဥပဒေတစ်ရပ်ရပ် အရ အရေးယူမည့် ပြစ်မှုဖြစ်ခြင်း၊

(ဂ) တောင်းဆိုခြင်းခံရသူအပေါ် တောင်းဆိုခြင်းပြုသည့် ပြစ်မှုနှင့်စပ်လျဉ်း၍ နိုင်ငံတစ်နိုင်ငံ၏ တရားရုံး တစ်ခုခုက အပြီးသတ်စီရင်ချက်ချမှတ်ခဲ့ပြီး ထိုသူအပေါ် ပြစ်ဒဏ်အတည်ပြုခဲ့ပြီးဖြစ်ခြင်း သို့မဟုတ် ယင်းပြစ်ဒဏ်မှ လွတ်ငြိမ်းချမ်းသာခွင့် ရရှိခဲ့ပြီးဖြစ်ခြင်း၊

(ဃ) တရားခံလွှဲပြောင်းပေးရန် တောင်းဆိုခြင်းသည် တောင်းဆိုခြင်းခံရသူ၏ လူမျိုး၊ ကိုးကွယ်သည့် ဘာသာ၊ နိုင်ငံသားဖြစ်မှု၊ နိုင်ငံရေးဆိုင်ရာ ထင်မြင်ယူဆချက်ကြောင့် ယင်းကို တရားစွဲအရေးယူရန် သို့မဟုတ် အပြစ်ပေးရန် ရည်ရွယ်ချက်ဖြင့် ပြုလုပ်သည်ဟု ယုံကြည်ရန်အကြောင်းရှိခြင်း၊

(င) တောင်းဆိုခြင်းခံရသူသည် တောင်းဆိုသည့် နိုင်ငံတွင် တရားမျှတမှုမရှိသည့် ကြားနာစစ်ဆေးခြင်းဖြင့် ပြစ်ဒဏ်ချမှတ်ခြင်းခံရမည်ဟု ယုံကြည်ရန် အကြောင်းရှိခြင်း၊

(စ) နိုင်ငံရေးသဘောသဘာဝရှိသော ပြစ်မှုများဖြစ်ခြင်း၊ [သို့ရာတွင် နောက်ဆက်တွဲ (က) တွင် ဖော်ပြထားသော ပြစ်မှုများအား နိုင်ငံရေးသဘောသဘာဝရှိသော ပြစ်မှုဟု မမှတ်ယူရ]

(ဆ) တောင်းဆိုသည့် ပြစ်မှုတစ်ရပ်လုံးကိုဖြစ်စေ၊ ပြစ်မှု၏ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ နိုင်ငံတော်၏ ပိုင်နက်နယ်မြေတွင် ကျူးလွန်ခြင်း၊

(ဇ) တောင်းဆိုခြင်းခံရသည့် ပြစ်မှုမတိုင်မီ ကျူးလွန်ခဲ့သည့် ပြစ်မှုများနှင့်စပ်လျဉ်း၍ တတိယနိုင်ငံ တစ်နိုင်ငံသို့ တောင်းဆိုခြင်းခံရသူကို လွှဲပြောင်းပေးရန် ရည်ရွယ်ချက်ဖြင့် တောင်းခံသည်ဟု ယုံကြည်ရန် အကြောင်းရှိခြင်း၊

(ဈ) တောင်းဆိုခြင်းခံရသူသည် တောင်းဆိုသည့်နိုင်ငံတွင် ညှဉ်းပန်းနှိပ်စက်ခြင်း၊ လူသားချင်း စာနာ ထောက်ထားမှုမရှိခြင်း၊ ရက်စက်ခြင်း၊ မတရားပြုခြင်းများခံရမည်ဟု ယုံကြည်ရန် အကြောင်းရှိခြင်း။

## အခန်း (၄)
## တရားခံလွှဲပြောင်းပေးရန် နိုင်ငံတော်သို့ တောင်းဆိုခြင်း

၇။ တောင်းဆိုသည့်နိုင်ငံသည် တရားခံလွှဲပြောင်းပေးရန် တောင်းဆိုချက်တစ်ရပ်ကို နိုင်ငံခြားရေးဝန်ကြီးဌာနသို့ သံတမန်နည်းလမ်းဖြင့် ပေးပို့ရမည်။ တရားခံလွှဲပြောင်းပေးရန် တောင်းဆိုချက်တစ်ရပ်တွင် အောက်ပါအချက်အလက်များကို မြန်မာဘာသာဖြင့်ဖြစ်စေ၊ အင်္ဂလိပ်ဘာသာဖြင့်ဖြစ်စေ ရေးသားဖော်ပြရမည် -

(က) တောင်းဆိုခြင်းခံရသူ၏ ကိုယ်ရေးအချက်အလက်များ [အမည်၊ ကိုယ်ပုံသဏ္ဌာန်၊ နိုင်ငံသား၊ နေရပ်လိပ်စာ၊ ဓာတ်ပုံ၊ မျိုးရိုးဗီဇလက္ခဏာဆောင် ဓာတုပစ္စည်း (DNA) နှင့် လက်ဗွေ အစရှိသည်တို့ အပါအဝင်]၊

(ခ) ပထမ သတင်းပေးတိုင်ချက်အမှတ် သို့မဟုတ် တရားရုံးအမှုအမှတ်နှင့် အမှုဖြစ်စဉ် အကျဉ်းချုပ်၊

(ဂ) စုံစမ်းစစ်ဆေးခြင်းနှင့် တရားစွဲဆိုခြင်းအတွက် လိုအပ်သောစာရွက်စာတမ်း သက်သေခံချက်၊ ဖမ်းဝရမ်းမူရင်း သို့မဟုတ် မိတ္တူမှန်၊

(ဃ) ပြစ်မှုနှင့်ပတ်သက်၍ တောင်းဆိုသောနိုင်ငံ၏ စီရင်ပိုင်ခွင့်အာဏာရှိကြောင်း ဖော်ပြသည့် သက်ဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်များ၊

(င) တောင်းဆိုခြင်းခံရသူသည် နိုင်ငံတော်အတွင်း ရောက်ရှိနေသည်ဟု တောင်းဆိုသည့်နိုင်ငံက ယုံကြည်ရသည့်အကြောင်းရင်းနှင့် အထောက်အထားများ၊

(စ) တောင်းဆိုသည့်နိုင်ငံ၏ ဆက်သွယ်ဆောင်ရွက်ရမည့် ဌာန၊ လူပုဂ္ဂိုလ်၏ အမည်နှင့် ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊

(ဆ) ဤဥပဒေ၏နောက်ဆက်တွဲ ပုံစံ (၁) နှင့် ပုံစံ (၂) တွင်ဖော်ပြပါရှိသော အချက်အလက်များ။

၈။ နိုင်ငံခြားရေးဝန်ကြီးဌာနသည် သံတမန်နည်းလမ်းဖြင့် ရရှိသည့် တရားခံလွှဲပြောင်းရေးတောင်းဆိုချက်ကို ပြည်ထဲရေးဝန်ကြီးဌာနသို့ ဆောလျင်စွာပေးပို့ရမည်။

၉။ ပြည်ထဲရေးဝန်ကြီးဌာနသည် -

(က) တရားခံလွှဲပြောင်းရေးတောင်းဆိုချက်အား ပုဒ်မ ၇ ပါ ဖော်ပြချက်များနှင့် ညီ မညီ ဆောလျင်စွာ တိုက်ဆိုင်စိစစ်ပြီး လိုအပ်ချက်ရှိပါက ပြီးပြည့်စုံစွာဆောင်ရွက်နိုင်ရန်အတွက် တောင်းဆိုသည့် နိုင်ငံသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် ပြန်လည်ပေးပို့ရမည်။

(ခ) ပုဒ်မခွဲ (က) အရ ပြန်လည်ပေးပို့သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း တောင်းဆိုသည့် နိုင်ငံက ပြီးပြည့်စုံစွာ ပြန်လည်ပေးပို့ခြင်းမရှိပါက ယင်းတောင်းဆိုချက်ကို ပိတ်သိမ်းကြောင်း နိုင်ငံခြားရေး ဝန်ကြီးဌာနမှတစ်ဆင့် သက်ဆိုင်ရာတောင်းဆိုသည့်နိုင်ငံသို့ အကြောင်းပြန်ကြားရမည်။

၁၀။ ပြည်ထဲရေးဝန်ကြီးဌာနသည် နှစ်နိုင်ငံ သို့မဟုတ် ယင်းထက်ပိုသော နိုင်ငံများက တရားခံလွှဲပြောင်းရန် တောင်းဆိုသည့်အခါ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ဆွေးနွေးညှိနှိုင်းလျက် အောက်ပါအချက်များကို ထည့်သွင်းစဉ်းစား၍ မည်သည့်တောင်းဆိုချက်ကို ခွင့်ပြုမည်ဖြစ်ကြောင်း ဆုံးဖြတ်ရမည် -

(က) တည်ဆဲ သဘောတူစာချုပ်ပါ တာဝန်များ၊

(ခ) ပြစ်မှုကျူးလွန်သည့် နေရာနှင့်အချိန်၊

(ဂ) တောင်းဆိုချက်များကို ရရှိသည့် အချိန်အပိုင်းအခြား၊

(ဃ) တောင်းဆိုခြင်းခံရသူနှင့် ယင်းပြစ်မှုကြောင့် နစ်နာသူများ၏ နိုင်ငံသားဖြစ်မှု၊

(င) တောင်းဆိုခြင်းခံရသူနှင့် ယင်းပြစ်မှုကြောင့် နစ်နာသူများ၏ အမြဲတမ်းနေရပ်လိပ်စာ၊

(စ) မိမိနိုင်ငံဘက်မှ လွှဲပြောင်းပေးအပ်ခဲ့သည့် တောင်းဆိုခြင်းခံရသူအား ပြန်လည်လွှဲပြောင်း ရယူရန် အခြေအနေ ရှိ မရှိ၊

(ဆ) ပြစ်မှုတစ်ရပ်ဖြင့် တရားစွဲဆိုရန်၊ ပြစ်ဒဏ်ချမှတ်ရန် သို့မဟုတ် ချမှတ်ထားသည့် ပြစ်ဒဏ်ကို အတည်ပြုရန် စသည့် တရားခံလွှဲပြောင်းရန် တောင်းဆိုခြင်း ရည်ရွယ်ချက်၊

(ဇ) ပြစ်မှု၏ အရေးပါမှု။

၁၁။ ပြည်ထဲရေးဝန်ကြီးဌာနသည် ပုဒ်မ ၅၊ ပုဒ်မ ၆ နှင့် ပုဒ်မ ၁၀ တို့ပါ ပြဋ္ဌာန်းချက်များနှင့်အညီ စိစစ်ပြီးနောက် တရားခံလွှဲပြောင်းရေးတောင်းဆိုချက်ကို နိုင်ငံတော်က ငြင်းပယ်ခြင်း သို့မဟုတ် ကြားနာဆောင်ရွက်ခြင်းတို့ ပြုနိုင်ရန် ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ ဥပဒေအကြံပြုချက်ရယူ၍ မိမိဝန်ကြီးဌာန၏ သဘောထားမှတ်ချက်နှင့်အတူ နိုင်ငံတော်သမ္မတထံ တင်ပြပြီး အတည်ပြုချက်ရယူရမည်။

၁၂။ တရားခံလွှဲပြောင်းရေးနှင့်စပ်လျဉ်း၍ ငြင်းပယ်ကြောင်း နိုင်ငံတော်သမ္မတ၏ အတည်ပြုချက် ရရှိသည့်အခါ ပြည်ထဲရေးဝန်ကြီးဌာနသည် ယင်းဆုံးဖြတ်ချက်ကို နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် တောင်းဆိုသည့် နိုင်ငံသို့ ဆောလျင်စွာပြန်ကြားရမည်။

၁၃။ တရားခံလွှဲပြောင်းရေးနှင့်စပ်လျဉ်း၍ ကြားနာဆောင်ရွက်ရန် နိုင်ငံတော်သမ္မတ၏ အတည်ပြုချက် ရရှိသည့်အခါ ပြည်ထဲရေးဝန်ကြီးဌာနသည် ခုံအဖွဲ့ ဖွဲ့စည်းပေးနိုင်ရန်အလို့ငှာ ပြည်ထောင်စုအစိုးရအဖွဲ့ထံ တင်ပြပြီး ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ မိတ္တူပေးပို့ရမည်။

## အခန်း (၅)
## ခုံအဖွဲ့ ဖွဲ့စည်းခြင်းနှင့် ယင်း၏လုပ်ငန်းတာဝန်များ

၁၄။ ပြည်ထောင်စုအစိုးရအဖွဲ့သည် -

(က) တရားခံလွှဲပြောင်းရေးကိစ္စရပ်များ ကြားနာရန်အလို့ငှာ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ သင့်လျော်သည့် နိုင်ငံသားလေးဦးက အဖွဲ့ဝင်အဖြစ်လည်းကောင်း ပါဝင်စေလျက် အဖွဲ့ဝင်ငါးဦးဖြင့် ခုံအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ရမည်။

(ခ) ခုံအဖွဲ့ ဖွဲ့စည်းပြီးကြောင်းကို ပြည်ထဲရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးများသို့ အကြောင်းကြားရမည်။

(ဂ) ခုံအဖွဲ့ကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၁၅။ ခုံအဖွဲ့သည် -

(က) တောင်းဆိုသည့်နိုင်ငံက ပေးပို့သော တရားခံလွှဲပြောင်းရေးဆိုင်ရာ တောင်းဆိုသည့်အမှုတွဲကို စိစစ်ပြီး ယင်းအမှုတွဲတွင် လိုအပ်ချက်တွေ့ရှိပါက အဆိုပါလိုအပ်ချက်များအား ပြည့်စုံစွာရရှိရေး ဆောင်ရွက်ပေးရန် ပြည်ထဲရေးဝန်ကြီးဌာနမှတစ်ဆင့် နိုင်ငံခြားရေးဝန်ကြီးဌာနသို့ အကြောင်းကြားရမည်။

(ခ) တရားခံလွှဲပြောင်းရေးဆိုင်ရာ တောင်းဆိုသည့်အမှုအား ကြားနာစဉ်အတွင်း အမှုနှင့် စပ်လျဉ်းသည့် အထောက်အထားများ ထပ်မံလိုအပ်ပါက တောင်းခံဆောင်ရွက်ပေးရန် ပြည်ထဲရေးဝန်ကြီးဌာနမှတစ်ဆင့် နိုင်ငံခြားရေးဝန်ကြီးဌာနသို့ အကြောင်းကြားရမည်။

(ဂ) တရားခံလွှဲပြောင်းရေးဆိုင်ရာ ကြားနာမှုကို ဆောင်ရွက်ရန်အလို့ငှာ တောင်းဆိုခြင်းခံရသူအား မိမိအဖွဲ့ရှေ့မှောက်သို့ တင်ပို့ပေးရန် မြန်မာနိုင်ငံရဲတပ်ဖွဲ့သို့ အကြောင်းကြားရမည်။ အကယ်၍ တောင်းဆိုခြင်းခံရသူသည် အခြားပြစ်မှုတစ်ရပ်ရပ်ဖြင့် ချုပ်နှောင်ထားခြင်းခံရပါက မိမိအဖွဲ့ရှေ့မှောက်သို့တင်ပို့ရန် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် အကျဉ်းဦးစီးဌာနသို့ တစ်ပြိုင်တည်း အကြောင်းကြားရမည်။

(ဃ) မိမိအဖွဲ့ရှေ့မှောက်သို့ တောင်းဆိုခြင်းခံရသူအဖြစ် ရောက်ရှိစစ်ဆေးခံသူအား တောင်းဆိုခြင်းခံရသူ ဟုတ် မဟုတ် စစ်ဆေးမေးမြန်းခြင်း၊ စိစစ်ခြင်းနှင့် အတည်ပြုခြင်းများ ဆောင်ရွက်ရမည်။

(င) တရားခံလွှဲပြောင်းခြင်း၏ စည်းကမ်းချက်များနှင့် အခြေအနေများကို တောင်းဆိုခြင်းခံရသူသို့ ရှင်းလင်းပြောကြားပြီး တရားခံလွှဲပြောင်းခြင်းကို သဘောတူ မတူ မေးမြန်းရမည်။ သဘောတူပါက မည်သည့်အကြောင်းရင်းများအရ သဘောတူသည်ကို မေးမြန်းရမည်။

(စ) တောင်းဆိုခြင်းခံရသူက တရားခံလွှဲပြောင်းရေးဆိုင်ရာ ကြားနာမှု လုပ်ထုံးလုပ်နည်းနှင့်အညီ နည်းလမ်းတကျဆောင်ရွက်ခြင်းကို မခံယူလိုကြောင်း ၎င်း၏ဆန္ဒကို တင်ပြလာပါက ခုံအဖွဲ့သည် ယင်းကို မှတ်တမ်းတင်၍ တရားခံလွှဲပြောင်းပေးရန် သင့်လျော်ကြောင်း ဆုံးဖြတ်နိုင်သည်။

(ဆ) တောင်းဆိုခြင်းခံရသူအား သင့်လျော်သော အကျိုးဆောင်တစ်ဦးဦးကို ငှားရမ်းနိုင်ခွင့် သို့မဟုတ် ခုံအဖွဲ့ကစီစဉ်ပေးသော အကျိုးဆောင်တစ်ဦးဦးကို ရယူပိုင်ခွင့်ရှိကြောင်းတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားရမည်။

(ဇ) တရားခံလွှဲပြောင်းရေးကြားနာရာတွင် တည်ဆဲဥပဒေ၊ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကျင့်သုံးဆောင်ရွက်နိုင်သည်။

(ဈ) တရားခံလွှဲပြောင်းရေးကြားနာရာတွင် လိုအပ်ပါက မည်သူ့ကိုမဆို ဆင့်ဆိုစစ်ဆေးနိုင်သည်။

(ည) တရားခံလွှဲပြောင်းရေးကြားနာရာတွင် လိုအပ်ပါက ဘာသာစကားကျွမ်းကျင်သူကိုငှားရမ်းနိုင်သည်။

(ဋ) တရားခံလွှဲပြောင်းရေးကြားနာရာတွင် ပုဒ်မ ၅ နှင့် ပုဒ်မ ၆ တို့ပါ ပြဋ္ဌာန်းချက်များအပြင် လွှဲပြောင်းပေးရသည့် အကြောင်းရင်း၊ နိုင်ငံတော်ကလက်ခံကျင့်သုံးနေသော နိုင်ငံခြားရေးမူဝါဒ၊ နိုင်ငံသားဖြစ်မှု၊ တောင်းဆိုခြင်းခံရသူ၏ ခုခံချေပခွင့်နှင့် အခြားစပ်ဆိုင်သော အကြောင်းခြင်းရာများကို ထည့်သွင်းသုံးသပ်ရမည်။

(ဌ) တရားခံလွှဲပြောင်းရေးကြားနာရာတွင် တောင်းဆိုခြင်းခံရသူအား လွှဲပြောင်းရန် သင့် မသင့် ကိုသာ စဉ်းစားပြီး တောင်းဆိုခြင်းခံရသူ ပါဝင်ကျူးလွန်သည်ဟူသော စွဲချက်နှင့် ပတ်သက်၍တင်ပြခွင့် မပြုရ။

(ဍ) လွှဲပြောင်းပေးရန် ဆုံးဖြတ်ပါက တောင်းဆိုခြင်းခံရသူအား ပြည်ထောင်စုအစိုးရအဖွဲ့ထံ အယူခံတင်သွင်းနိုင်ကြောင်း အသိပေးရမည်။

(ဎ) တရားခံလွှဲပြောင်းရေးကြားနာမှုပြီးဆုံးပါက ဆုံးဖြတ်ချက်ကို ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထဲရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ တင်ပြရမည်။

(ဏ) ပြည်ထောင်စုအစိုးရအဖွဲ့၏ ခုံအဖွဲ့ဖျက်သိမ်းကြောင်း အမိန့်ရရှိသည်အထိ တာဝန်ရှိသည်။

၁၆။ မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် ပုဒ်မ ၁၅၊ ပုဒ်မခွဲ (ဂ) အရ ခုံအဖွဲ့၏ အကြောင်းကြားချက်ကိုရရှိပါက -

(က) တောင်းဆိုခြင်းခံရသူသည် ရဲစခန်းအချုပ်တွင်ရှိနေလျှင် ခုံအဖွဲ့ ရှေ့မှောက်သို့ ကြားနာစစ်ဆေးရန် တင်ပို့ရမည်။

(ခ) တောင်းဆိုခြင်းခံရသူအား ဖမ်းဆီးထားခြင်းမရှိပါက ရှာဖွေဖမ်းဆီးပြီး ခုံအဖွဲ့သို့ ကြားနာစစ်ဆေးရန် တင်ပို့ရမည်။

(ဂ) တောင်းဆိုခြင်းခံရသူသည် အခြားပြစ်မှုတစ်ရပ်ရပ်ဖြင့် အကျဉ်းထောင်တွင် ချုပ်နှောင်ထားခြင်း ခံရပါက ယင်းအကြောင်းအရာကို ခုံအဖွဲ့သို့ တင်ပြလျက် ခုံအဖွဲ့၏ ညွှန်ကြားချက်အရ အကျဉ်းထောင်မှထုတ်၍ ခုံအဖွဲ့သို့ ကြားနာရန် တင်ပို့ရမည်။

(ဃ) ဖမ်းဆီးရမိထားသော တောင်းဆိုခြင်းခံရသူအပေါ် ၂၄ နာရီထက်ကျော်လွန်၍ ချုပ်နှောင်ထားရန် လိုအပ်ပါက ချုပ်မိန့်ပေးပိုင်ခွင့်အာဏာရှိသော အနီးဆုံးတရားသူကြီးထံသို့ ချုပ်မိန့် လျှောက်ထားရမည်။

(င) ရက်ပေါင်း ၆၀ အတွင်း တောင်းဆိုခြင်းခံရသူအား ရှာဖွေဖမ်းဆီးရမိခြင်းမရှိပါက ခုံအဖွဲ့သို့ ယင်းတောင်းဆိုခြင်းခံရသူအား ဖမ်းဆီးရမိခြင်းမရှိကြောင်း ပြန်လည်တင်ပြရမည်။

(စ) ပုဒ်မခွဲ (င) အရ ခုံအဖွဲ့သို့ တင်ပြပြီးဖြစ်စေကာမူ တောင်းဆိုခြင်းခံရသူကို ဖမ်းဆီးရမိပါက ခုံအဖွဲ့နှင့် ပြည်ထဲရေးဝန်ကြီးဌာနသို့ တင်ပြရမည်။

၁၇။ သက်ဆိုင်ရာတရားသူကြီးသည် ဖမ်းဆီးထားသော တောင်းဆိုခြင်းခံရသူကို တရားခံလွှဲပြောင်းရေး ကိစ္စဆောင်ရွက်ရန်အလို့ငှာ ချုပ်မိန့်ပေးရန်လျှောက်ထားလာပါက အမှုတွဲကို စိစစ်၍ တစ်ကြိမ်လျှင် ၁၄ ရက်ထက် မပိုသော ကာလဖြင့် တရားခံလွှဲပြောင်းရေးလုပ်ငန်းစဉ် ပြီးဆုံးသည်အထိ ချုပ်မိန့်ပေးနိုင်သည်။

၁၈။ ခုံအဖွဲ့သည် မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဖမ်းဆီးရမိခြင်းမရှိကြောင်း တင်ပြချက်အရ ယင်းအမှုပိတ်သိမ်းကြောင်း ပြည်ထဲရေးဝန်ကြီးဌာနသို့ တင်ပြရမည်။

၁၉။ ပြည်ထဲရေးဝန်ကြီးဌာနသည် ခုံအဖွဲ့၏အကြောင်းကြားချက်ရရှိပါက နိုင်ငံတော်သမ္မတထံတင်ပြပြီး ယင်း၏အတည်ပြုချက်နှင့်အညီ အမှုပိတ်သိမ်းကြောင်း တောင်းဆိုသည့်နိုင်ငံသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တစ်ဆင့် ဆောလျင်စွာ ပြန်ကြားရမည်။

၂၀။ တရားခံလွှဲပြောင်းပေးရန် ခုံအဖွဲ့၏ ဆုံးဖြတ်ချက်အပေါ် တောင်းဆိုခြင်းခံရသူသည် ယင်းဆုံးဖြတ်ချက် ချမှတ်သည့်နေ့မှစ၍ ခုနစ်ရက်အတွင်း ပြည်ထောင်စုအစိုးရအဖွဲ့သို့ အယူခံမှုတင်သွင်းနိုင်သည်။

၂၁။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ပုဒ်မ ၂၀ ပါ အယူခံလျှောက်ထားချက်အပေါ် အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း လိုအပ်ပါက ပြန်လည်စစ်ဆေးခြင်းတို့ကို ဆောင်ရွက်နိုင်သည်။

၂၂။ ပြည်ထဲရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများသည် တရားခံလွှဲပြောင်းခြင်း မပြုသည့်အမှုမှ တောင်းဆိုခြင်းခံရသူအပေါ် နိုင်ငံတော်၏တည်ဆဲဥပဒေများနှင့်အညီ ဆက်လက် အရေးယူ ဆောင်ရွက်ရမည်။

၂၃။ ပြည်ထဲရေးဝန်ကြီးဌာနသည် -

(က) တရားခံလွှဲပြောင်းရေးနှင့်စပ်လျဉ်းသည့် ဆုံးဖြတ်ချက်ကို နိုင်ငံတော်သမ္မတထံ တင်ပြအတည်ပြုချက် ရယူပြီး နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် တောင်းဆိုသည့် နိုင်ငံသို့ အကြောင်းပြန်ကြားရမည်။

(ခ) တရားခံလွှဲပြောင်းပေးရန် နိုင်ငံတော်သမ္မတက အတည်ပြုလျှင် တရားခံလွှဲပြောင်း လက်ခံရေး နှင့်စပ်လျဉ်း၍ အရေးယူဆောင်ရွက်ရန် နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် တောင်းဆိုသည့် နိုင်ငံသို့ အကြောင်းကြားရမည်။

(ဂ) နိုင်ငံတော်သမ္မတ၏ တရားခံလွှဲပြောင်းပေးရန် အတည်ပြုချက်အရ ရဲစခန်း သို့မဟုတ် အကျဉ်း ထောင်တွင် ချုပ်နှောင်ထားခြင်းခံရသည့် တောင်းဆိုခြင်းခံရသူအား သက်ဆိုင်ရာ တောင်းဆိုသည့် နိုင်ငံသို့ လွှဲပြောင်းပေးအပ်နိုင်သည်။

(ဃ) တောင်းဆိုသည့်နိုင်ငံမှ ဆက်သွယ်လာပါက ယင်းနိုင်ငံ၏ အခွင့်ရအာဏာပိုင်နှင့် ညှိနှိုင်းပြီး တောင်းဆိုခြင်းခံရသူကို လွှဲပြောင်းရေးဆောင်ရွက်ရမည်။

(င) တောင်းဆိုသည့်နိုင်ငံက ပုဒ်မခွဲ (ခ) အရ အကြောင်းကြားသည့်နေ့ရက်မှ ရက်ပေါင်း ၃၀ အတွင်း တရားခံလွှဲပြောင်းခြင်းကို လက်ခံနိုင်ခြင်းမရှိကြောင်း ခိုင်လုံသောအကြောင်းပြချက်ဖြင့် အကြောင်းကြား သည်မှတစ်ပါး တောင်းဆိုခြင်းခံရသူကို ရက်ပေါင်း ၃၀ အတွင်း လွှဲပြောင်းလက်ခံခြင်းမရှိလျှင် နိုင်ငံတော်၏ တည်ဆဲဥပဒေများနှင့်အညီ ဆက်လက်ဆောင်ရွက်ရမည်။

၂၄။ နိုင်ငံတော်သမ္မတသည် တရားခံလွှဲပြောင်းရေးအတွက် ခွင့်ပြုခြင်း၊ ငြင်းပယ်ခြင်း သို့မဟုတ် ဆိုင်းငံ့ ခြင်းကို ဆုံးဖြတ်နိုင်သည်။

## အခန်း (၆)

## နိုင်ငံတော်က တရားခံလွှဲပြောင်းပေးရန်တောင်းဆိုခြင်း

၂၅။ နိုင်ငံတော်၏ သက်ဆိုင်ရာဝန်ကြီးဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းများသည် အခြားနိုင်ငံတစ်နိုင်ငံ ထံမှ တရားခံလွှဲပြောင်းရယူရန် တောင်းဆိုလိုပါက ပြည်ထဲရေးဝန်ကြီးဌာနသို့ အကြောင်းကြားစာ ပေးပို့ရမည်။

၂၆။ ပြည်ထဲရေးဝန်ကြီးဌာနသည် ပုဒ်မ ၂၅ အရ အကြောင်းကြားစာရရှိသည့်အခါ -

(က) သက်ဆိုင်သည့် ဝန်ကြီးဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ သင့်လျော်သည့် ပုဂ္ဂိုလ်များနှင့် ညှိနှိုင်းပြီး တောင်းဆိုသင့်သည်ဟု ဆုံးဖြတ်ပါက ပြည်ထောင်စုအစိုးရအဖွဲ့ထံ တင်ပြရမည်။

(ခ) ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်နှင့်အညီ တရားခံလွှဲပြောင်းပေးရန် တောင်းဆိုချက်ကို တောင်းဆိုခြင်းခံရသူ ရှိနေသော သို့မဟုတ် ရှိနေသည်ဟု ယူဆရသော နိုင်ငံသို့ ယင်းနိုင်ငံ၏ တရားခံလွှဲပြောင်းရေးဥပဒေနှင့်အညီ နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် ပေးပို့ရမည်။

၂၇။ တောင်းဆိုခြင်းခံရသူကို လွှဲပြောင်းပေးမည်ဟု လွှဲပြောင်းပေးသောနိုင်ငံ၏ အကြောင်းပြန်ကြားချက် ရရှိပါက နိုင်ငံခြားရေးဝန်ကြီးဌာနသည် ပြည်ထဲရေးဝန်ကြီးဌာနသို့ လွှဲပြောင်းလက်ခံရန် အကြောင်းကြားရမည်။ ပြည်ထဲရေးဝန်ကြီးဌာနသည် လွှဲပြောင်းပေးသောနိုင်ငံနှင့် ဆက်သွယ်၍ လုံလောက်သော အစောင့်အရှောက်ဖြင့် လွှဲပြောင်းလက်ခံရမည်။

၂၈။ ပြည်ထဲရေးဝန်ကြီးဌာနသည် တောင်းဆိုခြင်းခံရသူကို လက်ခံရရှိပါက တောင်းဆိုခဲ့သည့် သက်ဆိုင်ရာဝန်ကြီးဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းများသို့ လုပ်ထုံးလုပ်နည်းနှင့်အညီ လွှဲပြောင်းပေးရမည်။ ယင်းဝန်ကြီးဌာနနှင့် အစိုးရအဖွဲ့အစည်းများသည် တောင်းဆိုခဲ့သည့် ရည်ရွယ်ချက်အတိုင်း ဆက်လက်အရေးယူဆောင်ရွက်ရမည်။

## အခန်း (၇)
## အထွေထွေ

၂၉။ နိုင်ငံတော်အတွင်းရှိ တရားရုံးတစ်ရုံးက တောင်းဆိုခြင်းခံရသူအား တောင်းဆိုခြင်းခံရသည့်ပြစ်မှုမဟုတ်ဘဲ တည်ဆဲဥပဒေတစ်ရပ်ရပ်ပါ အခြားပြစ်မှုဖြင့် စစ်ဆေးစီရင်ဆဲဖြစ်လျှင် ယင်းစစ်ဆေးစီရင်မှုပြီးဆုံးသည်အထိ ခုံအဖွဲ့သည် တရားခံလွှဲပြောင်းရေးကြားနာမှုကို ဆိုင်းငံ့ထားရမည်။

၃၀။ ပြည်ထဲရေးဝန်ကြီးဌာနသည် ပုဒ်မ ၁၆၊ ပုဒ်မခွဲ (စ) အရ မြန်မာနိုင်ငံရဲတပ်ဖွဲ့က တောင်းဆိုခြင်းခံရသူကို ဖမ်းဆီးရမိကြောင်းတင်ပြလာပါက နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် သက်ဆိုင်ရာ တောင်းဆိုသည့်နိုင်ငံသို့ အကြောင်းကြား၍ တရားခံလွှဲပြောင်းရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်ရမည်။

၃၁။ မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် -

(က) နိုင်ငံတကာမှတရားခံပြေးများအား ဖမ်းဆီးရမိပါက ထိုသူအား ချုပ်မိန့်ပေးရန် အခွင့်အာဏာရှိသော အနီးဆုံးတရားသူကြီးထံသို့ နိုင်ငံတကာမှ တရားခံပြေးအဖြစ် ကြေညာထားသော စာရွက်စာတမ်းများနှင့်အတူ လျှောက်ထားရမည်။

(ခ) ဖမ်းဆီးရမိသူအပေါ် ၁၅ ရက်အတွင်း တရားခံလွှဲပြောင်းရေး တောင်းဆိုရန် တရားခံပြေး ကြေညာထားသည့်နိုင်ငံသို့ ပြည်ထဲရေးဝန်ကြီးဌာနမှတစ်ဆင့်ဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ အကြောင်းကြားရမည်။

(ဂ) တရားခံပြေးကြေညာထားသည့်နိုင်ငံက ပုဒ်မခွဲ (ခ) ပါ အတိုင်း အရေးယူဆောင်ရွက်ခြင်းမပြုလျှင် ဖမ်းဆီးရမိသူအပေါ် တည်ဆဲဥပဒေအရ ဆက်လက်ဆောင်ရွက်ရမည်။

၃၂။ သူတစ်ဦးကိုလွှဲပြောင်းပေးသောနိုင်ငံမှ တောင်းဆိုသည့်နိုင်ငံသို့ နိုင်ငံတော်၏ ပိုင်နက်နယ်မြေမှတစ်ဆင့် ဖြတ်သန်းပို့ဆောင်ခြင်းကို ခွင့်ပြုရန် တောင်းဆိုသည့်နိုင်ငံ၏ တောင်းဆိုချက်ကိုရရှိသောအခါ နိုင်ငံတော်၏ အကျိုးစီးပွားကိုမထိခိုက်ပါက ပြည်ထဲရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်နှင့်အညီ ခွင့်ပြုနိုင်သည်။ ယင်းသို့ ခွင့်ပြုကြောင်းကို နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် တောင်းဆိုသည့်နိုင်ငံသို့ အကြောင်းကြားရမည်။

၃၃။ ပုဒ်မ ၃၂ အရ ဖြတ်သန်းပို့ဆောင်ခွင့်ပြုသောအခါ -

(က) မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် လွှဲပြောင်းပေးခြင်းခံရသူကို နိုင်ငံတော်အတွင်း ၂၄ နာရီထက်မပိုသော ကာလအတွက် တည်ဆဲဥပဒေများနှင့်အညီ ထိန်းသိမ်းချုပ်နှောင်ထားရှိနိုင်သည်။ ယင်းကာလထက် ပိုမိုချုပ်နှောင်ထားရန်လိုအပ်ပါက အနီးဆုံးတရားသူကြီးထံမှ ချုပ်မိန့်ရယူရမည်။

( ခ ) သက်ဆိုင်ရာဝန်ကြီးဌာနများသည် လွှဲပြောင်းပေးခြင်းခံရသူအား ပို့ဆောင်ပေးခြင်းကို အထောက်အကူပြုရန် သင့်လျော်သော အကူအညီများပေးရမည်။

၃၄။ အခြားနိုင်ငံနှစ်နိုင်ငံ၏ တရားခံလွှဲပြောင်းရေး၌ လေကြောင်းဖြင့်ပို့ဆောင်ရာတွင် နိုင်ငံတော်၏ ပိုင်နက်နယ်မြေပေါ်သို့ ဆင်းသက်ရန်မူလအစီအစဉ်မရှိသော်လည်း အရေးပေါ်လေယာဉ်ဆင်းသက်ခဲ့ရလျှင် နိုင်ငံခြားအစောင့်လိုက်အရာရှိ၏ တောင်းဆိုချက်အရ တရားခံချုပ်နှောင်ခြင်းကို ပုဒ်မ ၃၃ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်ရမည်။

၃၅။ တရားခံလွှဲပြောင်းရေးနှင့်စပ်လျဉ်းသည့် ကုန်ကျစရိတ်များကို တောင်းဆိုသည့်နိုင်ငံက ကျခံရမည်။

၃၆။ နိုင်ငံတော်၏ ပိုင်နက်နယ်မြေမှတစ်ဆင့် ဖြတ်သန်းပို့ဆောင်စဉ် ခေတ္တရပ်နား၍ ခေါ်ဆောင်ခြင်းဖြစ်ပါက ကုန်ကျစရိတ်ကို ပုဒ်မ ၃၅ အရ တောင်းဆိုသည့်နိုင်ငံက ကျခံရမည်။

၃၇။ တရားခံလွှဲပြောင်းရေးနှင့်စပ်လျဉ်းသည့် ကုန်ကျစရိတ်ကို နိုင်ငံတော်ကကျခံရန် အကြောင်းပေါ်ပေါက်လျှင် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သက်ဆိုင်ရာ ဝန်ကြီးဌာန၊ အစိုးရအဖွဲ့အစည်းက ကျခံရမည်။

၃၈။ ပုဒ်မ ၆ တွင် မည်သို့ပင် ပြဋ္ဌာန်းထားစေကာမူ နှစ်နိုင်ငံသဘောတူစာချုပ်အရဖြစ်စေ၊ ပြစ်မှုအကြောင်းခြင်းရာအရပ်ရပ်အား သုံးသပ်ချက်အရ ပြစ်မှုကျူးလွန်သူအား ယင်းပြစ်မှုကျူးလွန်သည့်နေရာတွင် စစ်ဆေးစီရင်ခြင်းက ပိုမိုသင့်လျော်ကြောင်း တွေ့ရှိရလျှင်ဖြစ်စေ၊ နိုင်ငံတော်၏အကျိုးစီးပွားအလို့ငှာ လိုအပ်ခဲ့လျှင်ဖြစ်စေ နိုင်ငံတော်သမ္မတက တရားခံလွှဲပြောင်းပေးရန် ခွင့်ပြုနိုင်သည်။

၃၉။ ပြည်ထဲရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် တရားခံလွှဲပြောင်းရေးဆိုင်ရာ နှစ်နိုင်ငံ သို့မဟုတ် နိုင်ငံအများပါဝင်သော သဘောတူစာချုပ်များချုပ်ဆိုရေးအတွက် အဆိုပြုခြင်း၊ လက်ခံခြင်း၊ စိစစ်ခြင်းနှင့် လက်မှတ်ရေးထိုးခြင်းတို့ကို နိုင်ငံတော်ကိုယ်စား ဆောင်ရွက်နိုင်သည်။

၄၀။ ပြည်ထဲရေးဝန်ကြီးဌာနသည် -

(က) လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

( ခ ) လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့်လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၄၁။ တရားခံလွှဲပြောင်းရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ အခြားတည်ဆဲဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင်ပါရှိစေကာမူ ဤဥပဒေအရသာလျှင် ဆောင်ရွက်ရမည်။

၄၂။ The Burma Extradition Act, 1904 ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နောက်ဆက်တွဲ (က)**

## နိုင်ငံရေးသဘောသဘာဝရှိသော ပြစ်မှုများဟု မမှတ်ယူရမည့် ပြစ်မှုများစာရင်း

၁။ ပြစ်မှုဆိုင်ရာဥပဒေတွင် ပြဋ္ဌာန်းပါရှိသော အောက်ပါပြစ်မှုများ -

(က) ပြစ်မှုပုဒ်မ ၃၀၂၊ လူသတ်မှု၊

(ခ) ပြစ်မှုပုဒ်မ ၃၀၄ လူသတ်မှုမမြောက်သည့် ရာဇဝတ်ပြစ်ဒဏ်ထိုက်သော လူသေမှု၊ ပြစ်မှုပုဒ်မ ၃၀၄-က ပေါ့လျော့ခြင်းဖြင့် လူသေစေမှု၊

(ဂ) ပြစ်မှုပုဒ်မ ၃၀၇၊ လူသတ်ရန်အားထုတ်မှု၊

(ဃ) ပြစ်မှုပုဒ်မ ၃၂၆၊ အပြင်းအထန်နာကျင်စေမှု၊

(င) ပြစ်မှုပုဒ်မ ၃၅၄၊ မတရားတားဆီးကန့်ကွက်မှု၊

(စ) ပြစ်မှုပုဒ်မ ၃၄၂၊ မတရားချုပ်နှောင်ထားမှု၊

(ဆ) ပြစ်မှုပုဒ်မ ၃၆၃၊ လူခိုးမှု၊

(ဇ) ပြစ်မှုပုဒ်မ ၃၆၄၊ လူကိုသွေးဆောင်ခေါ်ဆောင်မှု၊

(ဈ) ပြစ်မှုပုဒ်မ ၃၇၀၊ တစ်ဦးတစ်ယောက်သောသူကို ကျွန်အဖြစ်ဝယ်ယူမှု သို့တည်းမဟုတ် စီမံခန့်ခွဲမှု၊

(ည) ပြစ်မှုပုဒ်မ ၃၇၄၊ ဥပဒေနှင့်ဆန့်ကျင်သော အတင်းအဓမ္မခိုင်းစေမှု၊

(ဋ) ပြစ်မှုပုဒ်မ ၃၇၆၊ မုဒိမ်းမှု၊

(ဌ) ပြစ်မှုပုဒ်မ ၃၈၄၊ ခြောက်လှန့်တောင်းယူမှု၊

(ဍ) အထက်အပိုဒ်ခွဲ (က) မှ (ဌ) အထိ ဖော်ပြထားသော ပြစ်မှုများဆိုင်ရာ အားပေးကူညီမှုများ၊ ပူးပေါင်းကြံစည်မှုများ။

၂။ လူကုန်ကူးမှုတိုက်ဖျက်ရေးဥပဒေတွင် ပြဋ္ဌာန်းပါရှိသောပြစ်မှုများ၊

၃။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပါပြစ်မှုများ၊

၄။ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေတွင် ပြဋ္ဌာန်းပါရှိသောအကြမ်းဖက်မှုများ၊

၅။ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေတွင် ပြဋ္ဌာန်းပါရှိသောပြစ်မှုများ၊

၆။ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေတွင် ပြဋ္ဌာန်းပါရှိသော ပြစ်မှုများ။

၇။ အစိုးရအဖွဲ့က အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်သည့် နိုင်ငံရေး သဘောသဘာဝရှိသော ပြစ်မှုများဟု မမှတ်ယူရမည့် ပြစ်မှုများ။

**ပုံစံ (၁)**

------------------------------ နိုင်ငံ

------------------------------ ဌာန

[ပုဒ်မ ၇၊ ပုဒ်မခွဲ (ဆ) ကို ရည်ညွှန်းသည်]

သို့

ပြည်ထောင်စုဝန်ကြီး
နိုင်ငံခြားရေးဝန်ကြီးဌာန
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

အကြောင်းအရာ။ **တရားခံလွှဲပြောင်းပေးရန်/တရားခံရာဖွေဖမ်းဆီး လွှဲပြောင်းပေးရန် တောင်းဆိုခြင်း**

၁။ --------------------------- တွင် ဖြစ်ပွားသော -------------------------------ကိစ္စနှင့် စပ်လျဉ်း၍ ------------------- နိုင်ငံတွင် တရားစွဲဆိုရန်/-------------- ပြန်တိုက် စစ်ဆေးစီရင်နိုင်ရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအတွင်း ရောက်ရှိနေသူ --------------------------- နိုင်ငံသားအား ရှာဖွေဖမ်းဆီး၍ လွှဲပြောင်းပေးနိုင်ပါရန် အကူအညီတောင်းခံအပ်ပါသည်။

၂။ မှုခင်းဆိုင်ရာ အချက်အလက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) တရားခံလွှဲပြောင်းပေးရန် တောင်းဆိုသည့်ကိစ္စနှင့်သက်ဆိုင်သည့်အမှု အကျဉ်းချုပ်နှင့် သဘောသဘာဝ ---------------------------------------------------------------
---------------------------------------------------------------------------
---------------------------------------------------------------------------

(ခ) အရေးယူထားသည့် ဥပဒေနှင့် ပုဒ်မ ------------------------------------------
---------------------------------------------------------------------------
---------------------------------------------------------------------------

(ဂ) ဆောင်ရွက်ပေးစေလိုသည့်ကိစ္စ ----------------------------------------------
---------------------------------------------------------------------------
---------------------------------------------------------------------------

(ဃ) ဆောင်ရွက်ပေးရမည့် အချိန်ကာလ (အလျင်အမြန် ဆောင်ရွက်ရမည့်ကိစ္စဖြစ်ပါက ဆောင်ရွက်ရန် ဖော်ပြချက်) ------------------------------------------------
---------------------------------------------------------------------------

(င) တောင်းဆိုသည့်ကိစ္စနှင့်စပ်လျဉ်း၍ တောင်းဆိုသောနိုင်ငံတွင် ကျင့်သုံးနေသော သက်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၏ ကောက်နုတ်ချက်များနှင့် အကြောင်းပြချက်များ -----------------------------------------------------------
---------------------------------------------------------------------------
---------------------------------------------------------------------------

(စ) တောင်းဆိုသောနိုင်ငံတွင် အဆိုပါပြစ်မှုကို စုံစမ်းထောက်လှမ်းခြင်း၊ တရားစွဲဆိုခြင်း၊ တရားစီရင်ရေးဆိုင်ရာ ဆောင်ရွက်ခြင်းပြုလုပ်သူ အရာရှိ၏ အမည်၊ ဌာနနှင့် လုပ်ငန်းတာဝန် -----------------------------------------------------------
---------------------------------------------------------------------------
---------------------------------------------------------------------------

(ဆ) အခြားလိုအပ်သောအချက်များ ---------------------------------------------
---------------------------------------------------------------------------
---------------------------------------------------------------------------

တောင်းဆိုသည့်နိုင်ငံ၏အာဏာပိုင်
------------------------ နိုင်ငံ

စာအမှတ်။ --------------------
ရက်စွဲ။ --------------------
မှတ်ချက်။ မဆိုင်သည့်စာသားကိုဖျက်ရန်။

**ပုံစံ (၂)**

**တရားခံလွှဲပြောင်းပေးရန်တောင်းဆိုခြင်းခံရသူ၏ အကြောင်းအရာအထွေထွေများ**

[ပုဒ်မ ၇၊ ပုဒ်မခွဲ (ဆ) ကို ရည်ညွှန်းသည်]

ဓာတ်ပုံ

၁။ အမည် - ---------------------------------------------

၂။ အခြားအမည် (ရှိလျှင်) - ---------------------------------------------

၃။ နိုင်ငံသား - ---------------------------------------------

၄။ နိုင်ငံကူးလက်မှတ်အမှတ်/နိုင်ငံသား - ---------------------------------------------
သက်သေခံလက်မှတ် အမှတ်နှင့် - ---------------------------------------------
ထုတ်ပေးရက်စွဲ၊ ထုတ်ပေးသည့်နေရာ - ---------------------------------------------

၅။ အလုပ်အကိုင် - ---------------------------------------------
---------------------------------------------
---------------------------------------------

၆။ အဘနှင့် အမိအမည် - ---------------------------------------------
---------------------------------------------
---------------------------------------------

၇။ မွေးဖွားရာအရပ် - ---------------------------------------------
---------------------------------------------
---------------------------------------------

၈။ အမြဲနေထိုင်ရာအရပ် - ---------------------------------------------
---------------------------------------------
---------------------------------------------

၉။ အသက်/မွေးသက္ကရာဇ် - ---------------------------------------------
---------------------------------------------

၁၀။ လူမျိုး/ဘာသာ - ---------------------------------------------
---------------------------------------------

၁၁။ အရပ် - ---------------------------------------------
---------------------------------------------

၁၂။ ပုံပန်း - ---------------------------------------------
---------------------------------------------
---------------------------------------------

၁၃။ ဆံပင် - ---------------------------------------------
---------------------------------------------

၁၄။ မျက်ခုံးများ - ----------------------------------------------

----------------------------------------------

၁၅။ နဖူး - ----------------------------------------------

----------------------------------------------

၁၆။ မျက်စိများ - ----------------------------------------------

----------------------------------------------

၁၇။ နှာခေါင်း - ----------------------------------------------

----------------------------------------------

၁၈။ ပါးစပ် - ----------------------------------------------

----------------------------------------------

၁၉။ သွားများ - ----------------------------------------------

----------------------------------------------

၂၀။ လက်ချောင်းများ - ----------------------------------------------

----------------------------------------------

၂၁။ နားရွက်များ - ----------------------------------------------

----------------------------------------------

၂၂။ မျက်နှာရှည်သည်/ဝိုင်းသည်/မျက်နှာထားချိုသည် - ----------------------------------------

မျက်နှာထားပုပ်သည်/တွန့်ကြောင်းများသည် ----------------------------------------

၂၃။ အသားအရောင် - ----------------------------------------------

၂၄။ မုတ်ဆိတ် - ----------------------------------------------

၂၅။ နှုတ်ခမ်းမွေးများ - ----------------------------------------------

၂၆။ ထူးခြားသော အမှတ်အသားများ - ----------------------------------------------

----------------------------------------------

၂၇။ ထူးခြားသော အမှုအရာများ - ----------------------------------------------

----------------------------------------------

----------------------------------------------

၂၈။ အမြဲဝတ်တတ်သော အဝတ်တန်ဆာများ - ----------------------------------------------

----------------------------------------------

----------------------------------------------

၂၉။ အမှုအကြောင်းအရာ အကျဉ်းချုပ်

----------------------------------------------------------------------------------------

----------------------------------------------------------------------------------------

----------------------------------------------------------------------------------------

----------------------------------------------------------------------------------------

----------------------------------------------------------------------------------------

----------------------------------------------------------------------------------------

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်

### အမိန့်ကြော်ငြာစာအမှတ် (၄၉၃/၂၀၁၇)

၁၃၇၉ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၆ ရက်

(၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၁၄ ရက်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၄ နှင့်အညီ အောက်ဖော်ပြပါ ဒုတိယတန်းရာဇဝတ်အာဏာရ ဒုတိယမြို့နယ်တရားသူကြီးများအား ပထမတန်းရာဇဝတ်အာဏာနှင့် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၁၀၈၊ ၁၁၀၊ ၁၄၃၊ ၁၈၆၊ ၁၉၀၊ ၁၉၂၊ ၂၆၀၊ ၄၀၇၊ ၅၂၄ တို့အရ စစ်ဆေးနိုင်သည့် ရာဇဝတ်အာဏာအပ်နှင်းလိုက်သည် -

| အမှတ်စဉ် | အမည်နှင့် ကိုယ်ပိုင်အမှတ် | တာဝန်ထမ်းဆောင်သည့် မြို့နယ်တရားရုံး |
|---|---|---|
| ၁။ | ဒေါ်ခင်မေသက်နိုင်<br>တ/၃၁၂၇ | စမ်းချောင်း<br>ရန်ကုန်တိုင်းဒေသကြီး |
| ၂။ | ဒေါ်ချစ်ဆုမွန်<br>တ/၃၁၉၉ | မြို့နယ်တရားရုံး<br>(စည်ပင်သာယာ)<br>မြောက်ဥက္ကလာပ<br>ရန်ကုန်တိုင်းဒေသကြီး |
| ၃။ | ဒေါ်မေထူးအောင်<br>တ/၃၂၀၁ | မြို့နယ်တရားရုံး<br>(မော်တော်ယာဉ်)<br>ပန်းဘဲတန်း<br>ရန်ကုန်တိုင်းဒေသကြီး |

ထွန်းထွန်းဦး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်

### အမိန့်ကြော်ငြာစာအမှတ် (၄၉၄/၂၀၁၇)

၁၃၇၉ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၆ ရက်

(၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၁၄ ရက်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၄ နှင့်အညီ အောက်ဖော်ပြပါ ပထမတန်းရာဇဝတ်အာဏာရ မြို့နယ်တရားသူကြီးနှင့် တွဲဖက်မြို့နယ်တရားသူကြီးများအား ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၃၀ အရ အထူးရာဇဝတ်အာဏာ အပ်နှင်းလိုက်သည် -

| အမှတ်စဉ် | အမည်နှင့် ကိုယ်ပိုင်အမှတ် | တာဝန်ထမ်းဆောင်သည့် မြို့နယ်တရားရုံး |
|---|---|---|
| ၁။ | ဦးကျော်မျိုးဝင်း<br>တ/၂၇၅၆ | ပုဗ္ဗသီရိ<br>မန္တလေးတိုင်းဒေသကြီး |
| ၂။ | ဒေါ်ဖွေးဖွေးလွင်<br>တ/၂၈၅၈ | ဝက်လက်<br>စစ်ကိုင်းတိုင်းဒေသကြီး |

| အမှတ်စဉ် | အမည်နှင့် ကိုယ်ပိုင်အမှတ် | တာဝန်ထမ်းဆောင်သည့် မြို့နယ်တရားရုံး |
|---|---|---|
| ၃။ | ဦးအောင်မြင့်ဟိန်း<br>တ/၂၉၅၀ | ခန္တီး<br>စစ်ကိုင်းတိုင်းဒေသကြီး |
| ၄။ | ဒေါ်ဇင်မျိုးသန့်<br>တ/၂၉၈၉ | တိုက်ကြီး<br>ရန်ကုန်တိုင်းဒေသကြီး |
| ၅။ | ဦးကျော်လွင်ဦး<br>တ/၃၀၂၀ | ပန်းဘဲတန်း<br>ရန်ကုန်တိုင်းဒေသကြီး |

ထွန်းထွန်းဦး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

### အမိန့်ကြော်ငြာစာအမှတ် ၆၉/၂၀၁၇

နေပြည်တော်၊ ၁၃၇၉ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၅ ရက်
(၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၁၃ ရက်)

### ကိုယ်ရေးအရာရှိခန့်အပ်ခြင်း

၁။ နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၇ ခုနှစ်၊ ဇွန်လ ၁၄ ရက်စွဲပါ အမိန့်အမှတ်၊ ၁၄/၂၀၁၇ ဖြင့် ခန့်အပ်ခဲ့သော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးသန်းဌေး၏ ကိုယ်ရေးအရာရှိ လစာနှုန်း (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) ရာထူးနေရာတွင် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၏ အဆောင်အယောင်ဆိုင်ရာဥပဒေနှင့်အညီ ဦးအောင်ကျော်မိုး [၁၃/လရန (နိုင်) ၁၂၃၄၃၀] အား အလုပ်တာဝန်ဝတ္တရားများစတင် ထမ်းဆောင်သည့်နေ့မှစ၍ ခန့်ထားလိုက်သည်။

၂။ လစာနှုန်းထား (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) တွင် အမြင့်ဆုံးလစာငွေ ၂၇၀,၀၀၀/- ကို ခံစားခွင့်ပြုလိုက်သည်။

လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

### ကြေညာချက်အမှတ် ၁၇/၂၀၁၇

၁၃၇၉ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၀ ရက်
(၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၁၈ ရက်)

### တပ်မတော်သားအမျိုးသားလွှတ်တော်ကိုယ်စားလှယ် တစ်ဦး အစားထိုးပြောင်းလဲခြင်း

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ဒုတိယအကြိမ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သားအမျိုးသားလွှတ်တော်ကိုယ်စားလှယ် တစ်ဦးကို အမည်စာရင်းပြောင်းလဲလိုကြောင်း အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်စွဲပါကော်မရှင်၏ ကြေညာချက်အမှတ်

(၂/၂၀၁၆) တွင် ဖော်ပြထားသည့် အောက်ဖော်ပြပါ တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ် တစ်ဦးအား ယှဉ်တွဲပါအတိုင်း အစားထိုးပြောင်းလဲလိုက်သည် -

| | | |
|---|---|---|
| လေ ၁၇၉၁ | အစား | ကြည်း ၁၉၄၉၀ |
| ဗိုလ်မှူးချုပ် ကျော်ဆွေဦး | | ဗိုလ်မှူးချုပ် တင့်လွင် |

အမိန့်အရ

တင်ထွန်း
အတွင်းရေးမှူး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## နိုင်ငံခြားရေးဝန်ကြီးဌာန

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၄ ရက်
(၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၂၆ ရက်)

အမှတ် ၄၉/၂၀၁၇ ။ ။ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးဝင်းမောင် အား ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက်နေ့ နံနက်ပိုင်းမှအစပြု၍ အငြိမ်းစားယူရန် ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ခံစားခွင့်ပြုပြီး အသက် (၆၀) နှစ်ပြည့်မြောက်သည့် ၂၀၁၇ ခုနှစ်၊ မေလ ၂၉ ရက်နေ့ နံနက်ပိုင်းမှအစပြု၍ နိုင်ငံ့ဝန်ထမ်း နည်းဥပဒေများ အခန်း (၂၁)၊ အပိုဒ် ၂၃၃ (က) အရ နိုင်ငံ့ဝန်ထမ်းအဖြစ်မှ သက်ပြည့်အငြိမ်းစား ယူခွင့် ပြုလိုက်သည်။

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ တပို့တွဲလဆန်း ၁၁ ရက်
(၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်)

အမှတ် ၆၂/၂၀၁၇ ။ ။ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်သဇင် အား ၂၀၁၇ ခုနှစ်၊ မတ်လ ၅ ရက်နေ့ နံနက်ပိုင်းမှအစပြု၍ အငြိမ်းစားယူရန် ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ခံစားခွင့်ပြုပြီး ခွင့်ရက်များကုန်ဆုံးပြီးသည့် ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၅ ရက်နေ့ နံနက်ပိုင်းမှအစပြု၍ နိုင်ငံ့ ဝန်ထမ်း နည်းဥပဒေများ အခန်း (၂၁)၊ အပိုဒ် ၂၃၃ (က) အရ နိုင်ငံ့ဝန်ထမ်းအဖြစ်မှ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၅ ရက်
(၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက်)

အမှတ် ၈၉/၂၀၁၇ ။ ။ နယူးယောက်မြို့၊ ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ် ဦးဟောက်ဒိုဆွမ်း အား ၎င်း၏လက်ရှိတာဝန်ဝတ္တရားများအပြင် ကျူးဘားသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်သည်။

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၆ ရက်
(၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်)

အမှတ် ၉၀/၂၀၁၇ ။ ။ ဩစတြေးလျနေသဟာယနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသာအောင်ညွန့် အား ၂၀၁၇ ခုနှစ်၊ မတ်လ ၁၂ ရက်နေ့ နံနက်ပိုင်းမှအစပြု၍ ခံစားရန်ရှိသည့် အငြိမ်းစား ယူရန် ကြိုတင်ပြင်ဆင်ခွင့် (၄) လကို မူလအခြေခံနည်းဥပဒေအတွဲ (၁)၊ အပိုဒ် ၈၆ (က) ပါ ပြဋ္ဌာန်းချက်အရ အများပြည်သူအကျိုးငှာ ငြင်းပယ်လိုက်သည်။

အမိန့်အရ

အောင်ဆန်းစုကြည်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
နိုင်ငံခြားရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပြည်ထဲရေးဝန်ကြီးဌာန

### အမိန့်ကြော်ငြာစာ (၉/၂၀၁၆)

နေပြည်တော်၊ ၁၃၇၇ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၆ ရက်

(၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်)

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်တောင်ပိုင်းခရိုင်၊ သန်လျင်မြို့နယ်၊ စစ်ပင်ကွင်းကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် (၆၆၆ အေ/နဘဲကန်မြောက်ကွင်း)၊ ဦးပိုင်အမှတ် ( $\frac{က}{၄}$ ၊ $\frac{ခ-၂}{၅}$ ၊ $\frac{ခ}{၁၄}$ ၊ $\frac{က}{၁၆}$ ၊ $\frac{ခ}{၁၇}$ ) မှ **မြေဧရိယာ (၅၃. ၀၅)** ကို **စိုက်ပျိုးရေးအထောက်အကူပြု စက်ရုံများနှင့် ကုန်ထုတ်လုပ်မှုစက်ရုံ** မြေနေရာအဖြစ် အသုံးပြုရန်အတွက် တစ်နှစ်လျှင် မြေငှားရမ်းခ **(၅,၇၂၉,၄၀၀ိ/-)** နှုန်းဖြင့် **ဦးမောင်ကြီး [၇/ပခန (နိုင်) ၀၈၅၉၈၃]၊ ဥက္ကဋ္ဌ** 121 Group of Companies အမည်ဖြင့် အောက်မြန်မာနိုင်ငံ မြို့နှင့်ကျေးရွာမြေများနည်းဥပဒေ ၉ (ဂ) အရ **နှစ် (၃၀) စက်မှုမြေငှားဂရန်** ထုတ်ပေးခွင့်ပြုသည်။

### အမိန့်ကြော်ငြာစာ (၉၂/၂၀၁၆)

နေပြည်တော်၊ ၁၃၇၇ ခုနှစ်၊ ပြာသိုလဆန်း ၉ ရက်

(၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်)

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ မတ္တရာမြို့နယ်၊ ကျောက်စရစ်ကုန်း (မြောက်)ကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် (၁၄၄$^{က}$/တမာကုန်းအရှေ့)၊ ဦးပိုင်အမှတ် (၆၈) မှ မြေဧရိယာ **(၃. ၆၇)** ဧက၊ ဦးပိုင်အမှတ် (၆၈$^{က}$) မှ မြေဧရိယာ **(၂. ၂၄)** ဧက၊ ဦးပိုင်အမှတ် (၆၉) မှ မြေဧရိယာ **(၃. ၄၃)** ဧက၊ ဦးပိုင်အမှတ် (၇၁$^{၁}$) မှ မြေဧရိယာ **(၁. ၆၆)** ဧက၊ ဦးပိုင်အမှတ် (၇၁$^{၂}$) မှ မြေဧရိယာ **(၀. ၇၆)** ဧက၊ ဦးပိုင်အမှတ် (၇၂$^{က-၁}$) မှ မြေဧရိယာ **(၂. ၃၄)** ဧက၊ ဦးပိုင်အမှတ် (၈၀$^{၁}$) မှ မြေဧရိယာ **(၁. ၃၃)** ဧက၊ ဦးပိုင်အမှတ် (၈၀$^{၂}$) မှ မြေဧရိယာ **(၂. ၆၀)** ဧက၊ ဦးပိုင်အမှတ် (N$^{၁}$/F$^{၆၅၈}$) မှ မြေဧရိယာ **(၁. ၃၀)** ဧက၊ စုစုပေါင်းမြေဧရိယာ **(၁၉. ၃၃)** ဧကအား **ဂရိတ်ဝေါလ်သကြားစက်ရုံ** မြေနေရာအဖြစ်အသုံးပြုရန် တစ်နှစ်လျှင် မြေငှားရမ်းခ **(၄,၁၇၅,၂၈၀ိ/-)** နှုန်းဖြင့် **ဦးတင်မောင် (ဂရိတ်ဝေါလ်ကုမ္ပဏီအုပ်ချုပ်မှုဒါရိုက်တာ) [၉/ မရမ (နိုင်) ၀၅၈၀၈၄]** သို့ အထက်မြန်မာနိုင်ငံ မြေနှင့်အခွန် နည်းဥပဒေ ၅၁ - ခ (ဂ) အရ **နှစ် (၃၀) စက်မှုမြေငှားဂရန်** ထုတ်ပေးခွင့်ပြုသည်။

### အမိန့်ကြော်ငြာစာ (၉၃/၂၀၁၆)

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ်၊ တောင်ဘကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည်-(၁၅၃၆/ဘုတ္တော)၊ ဦးပိုင်အမှတ် (၃၃) မှ မြေဧရိယာ **(၆. ၀၀)** ဧကအား **"ဟိုတယ်လုပ်ငန်းအသုံးပြုရန်"** အတွက် တစ်နှစ်လျှင် မြေငှားရမ်းခ **(၇၂၀,၀၀၀ိ/-)** နှုန်းဖြင့် **ဦးမောင်ကို [၁/မကတ (နိုင်) ၀၃၃၄၉၁]** သို့ အထက်မြန်မာနိုင်ငံ မြေနှင့်အခွန် နည်းဥပဒေ ၅၁ - ခ (ဂ) အရ **နှစ် (၃၀) စက်မှုမြေငှားဂရန်** ထုတ်ပေးခွင့်ပြုသည်။

### အမိန့်ကြော်ငြာစာ (၉၄/၂၀၁၆)

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ်၊ ပုလင်းကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည်-(၁၃၄၆/ပုလင်း)၊ ဦးပိုင်အမှတ် (၈၉$^{၂}$ ) မှ မြေဧရိယာ **(၇. ၀၅)** ဧက၊ ဦးပိုင်အမှတ် (၉၀) မှ မြေဧရိယာ **(၆. ၇၅)** ဧက၊ ဦးပိုင်အမှတ် (၉၂) မှ မြေဧရိယာ**(၁. ၁၀)** ဧက၊ ဦးပိုင်အမှတ် (၉၃) မှ မြေဧရိယာ **(၁. ၃၃)** ဧက၊ စုစုပေါင်းမြေဧရိယာ **(၁၆. ၂၃)** ဧကကို **"ဟိုတယ်လုပ်ငန်းအသုံးပြုရန်"** အတွက် တစ်နှစ်လျှင် မြေငှားရမ်းခ **(၁,၉၄၇,၆၀၀ိ/-)** နှုန်းဖြင့် **ဦးမောင်ကို [၁/မကတ (နိုင်) ၀၃၃၄၉၁]** သို့ အထက်မြန်မာနိုင်ငံ မြေနှင့်အခွန် နည်းဥပဒေ ၅၁ (ခ) (ဂ) အရ **နှစ် (၃၀) စက်မှုမြေငှားဂရန်** ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၉၅/၂၀၁၆)

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ်၊ မြေနဲလေးကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် (၁၅၁၃/ဘုန်းကြီးကန်၊ ဦးပိုင်အမှတ် (၈ᵃ) မှ မြေဧရိယာ **(၃. ၇၇)** ဧက၊ ဦးပိုင်အမှတ် (၉ᵐ) မှ မြေဧရိယာ **(၁. ၇၀)** ဧက၊ ဦးပိုင်အမှတ် (၁၇ᵐ) မှ မြေဧရိယာ**(၀. ၂၄)** ဧက၊ စုစုပေါင်းမြေဧရိယာ **(၅. ၄၁)** ဧကအား **"ပန်း (၁၀) မျိုးပြခန်းနှင့် အလုပ်ရုံမြေ "** နေရာအဖြစ် အသုံးပြုရန်အတွက် တစ်နှစ်လျှင် မြေငှားရမ်းခ **(၆၄၉,၂၀၀/-)** နှုန်းဖြင့် **ဒေါ်ခင်ဝင်း [၉/မရတ (နိုင်) ၀၂၀၄၆၉]** သို့ အထက်မြန်မာနိုင်ငံ မြေနှင့်အခွန် နည်းဥပဒေ ၅၁ - ခ (ဂ) အရ **နှစ် (၃၀) စက်မှုမြေငှားဂရန်** ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၁၀၂/၂၀၁၆)

နေပြည်တော်၊ ၁၃၇၇ ခုနှစ်၊ ပြာသိုလဆန်း ၁၀ ရက်

(၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၁၉ ရက်)

၁၈၉၄ ခုနှစ်၊ မြေသိမ်းအက်ဥပဒေပုဒ်မ ၄၊ ပုဒ်မခွဲ (၁) အရ အောက်ဖော်ပြပါ မြေကို အများပြည်သူ အကျိုးငှာ **" အမှတ် (၉၆၇) ဆောက်လုပ်ရေးအင်ဂျင်နီယာတပ်ခွဲ (တိုးချဲ့တပ်ပိုင်မြေ)"** မြေအဖြစ် အသုံးပြုရန်အလို့ငှာ **ကာကွယ်ရေးဝန်ကြီးဌာန** မှ အလိုရှိကြောင်း ကြေညာလိုက်သည် -

**မြေတည်ရှိရာဒေသ**

| **တိုင်း ဒေသကြီး** | **မြို့နယ်** | **ကျေးရွာအုပ်စု အမည်** | **ကွင်းအမှတ် / အမည်** | **ဦးပိုင် ပေါင်း** | **ဧရိယာ (ဧက)** |
|---|---|---|---|---|---|
| မန္တလေး | မိတ္ထီလာ | မွေကျေးရွာအုပ်စု | ၈၂၈/ရွာသစ်အရှေ့ကွင်း | ၉ | ၈. ၂၇ |
| | **စုစုပေါင်း** | | | **၉** | **၈. ၂၇** |

မြေသိမ်းအက်ဥပဒေပုဒ်မ ၃ (ဂ) တွင် အပ်နှင်းထားသော လုပ်ပိုင်ခွင့်များအရ မိတ္ထီလာခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အုပ်ချုပ်ရေးမှူးအား အထက်ဖော်ပြပါဒေသရှိ မြေသိမ်းယူခြင်းကိစ္စအဝဝကို အရေးယူဆောင်ရွက်ရန် ကော်လိတ္တော်အရာရှိအဖြစ် ခန့်ထားလိုက်သည်။

သိမ်းယူမည့်မြေနှင့်စပ်လျဉ်း၍ မြေသိမ်းအက်ဥပဒေပုဒ်မ ၄၊ ပုဒ်မခွဲ (၂) တွင် ပြဋ္ဌာန်းထားသည့် အတိုင်း ဆောင်ရွက်ရန် မိတ္ထီလာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အုပ်ချုပ်ရေးမှူးသို့ လုပ်ပိုင်ခွင့် အပ်နှင်းလိုက်သည်။

မြေသိမ်းအက်ဥပဒေပုဒ်မ ၆ အရ အောက်ဖော်ပြပါမြေများကို ကာကွယ်ရေးဝန်ကြီးဌာနက **"အမှတ် (၉၆၇) ဆောက်လုပ်ရေးအင်ဂျင်နီယာတပ်ခွဲ"** အတွက် သိမ်းဆည်းရန် ရည်ရွယ်ကြောင်း ကြေညာလိုက်သည်။

**မြေအကြောင်းအရာဖော်ပြချက်။** တိုင်းတာသတ်မှတ်ထားသောမြေ၏ ကွင်းအမှတ်/အမည်၊ မြေဧရိယာနှင့် ပိုင်ရှင်အမည်များအား နောက်ဆက်တွဲပါအတိုင်း ဖော်ပြအပ်ပါသည် -

ဖော်ပြပါမြေ၏ အလား (၄) ရပ်မှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

အရှေ့လားသော် - လယ်ယာမြေများ

အနောက်လားသော် - ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး

တောင်လားသော် - ကွင်းအမှတ် (၈၂၇) အိုင်ကြီးလည်ကွင်း

မြောက်လားသော် - ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းဂိုဒေါင်များ

**မှတ်ချက်။** စာရင်းတွင်ဖော်ပြပါမြေကွက်များနှင့် ဧရိယာများသည် ၂၀၁၁- ၂၀၁၂ ခုနှစ်အတွက် အသုံးပြုသော မြေပုံများအရဖြစ်၍ အထက်ဖော်ပြပါ မြေပုံကို မိတ္ထီလာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတွင် ကြည့်ရှုစစ်ဆေးနိုင်ပါသည်။

မြေသိမ်းအက်ဥပဒေပုဒ်မ ၁၇၊ ပုဒ်မခွဲ (၁) အရနှင့် ပုဒ်မ ၉၊ ပုဒ်မခွဲ (၁) နှင့် (၃) တို့တွင် ဖော်ပြထားသည့် အတိုင်း အမိန့်ကြော်ငြာစာထုတ်ဆင့်ပြီးနောက် (၁၅) ရက်ကုန်ဆုံးသောအခါ အဆိုပါမြေကို သိမ်းယူပြီးလျှင် **" အမှတ် (၉၆၇) ဆောက်လုပ်ရေးအင်ဂျင်နီယာတပ်ခွဲ (တိုးချဲ့တပ်ပိုင်မြေ) "** အဖြစ် အသုံးပြုရန်အတွက် **ကာကွယ်ရေးဝန်ကြီးဌာန**သို့ လွှဲပြောင်းပေးရမည်ဟု မြေသိမ်းကော်လိတ္တော်အရာရှိအား ညွှန်ကြားလိုက်သည်။

## အမိန့်ကြော်ငြာစာ (၂၅၁/၂၀၁၆)

နေပြည်တော်၊ ၁၃၇၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၂ ရက်
(၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၂၆ ရက်)

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်တောင်ပိုင်းခရိုင်၊ ကျောက်တန်းမြို့၊ သီတာမြိုင်ရပ်ကွက်၊ အကွက် အမှတ်/အမည် (၆၁၂/ ငွေးပင်ကွင်း)၊ ဦးပိုင်အမှတ် (၈) မှ **မြေဧရိယာ (၁၀၆. ၀၀) ဧက**အား ကဏန်းပျော့ မွေးမြူရေးလုပ်ငန်းမြေအဖြစ် အသုံးပြုရန်အတွက် တစ်နှစ်လျှင် မြေငှားရမ်းခ **(၁၂,၇၂၀,၀၀၀ိ/-)** နှုန်းဖြင့် **ဦးအောင်နိုင် [၁၀/ရမန (နိုင်) ၀၀၀၀၂၁]၊ မန်နေးဂျင်းဒါရိုက်တာ ၊ အောင်မိုးခိုင်ထုတ်လုပ်မှု ကုမ္ပဏီလီမိတက်**သို့ အောက်မြန်မာနိုင်ငံမြို့နှင့် ကျေးရွာမြေများနည်းဥပဒေ ၉ (ဂ) အရ **နှစ် (၃၀) စက်မှု/စီးပွားမြေငှားဂရန်** ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၂၅၂/၂၀၁၆)

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်တောင်ပိုင်းခရိုင်၊ ကျောက်တန်းမြို့၊ သီတာမြိုင်ရပ်ကွက်၊ အကွက် အမှတ်/အမည် (၆၁၂/ငွေးပင်ကွင်း)၊ ဦးပိုင်အမှတ် (၅) မှ **မြေဧရိယာ (၁၃၇. ၁၈) ဧက** အား ကဏန်းပျော့ မွေးမြူရေးလုပ်ငန်းမြေအဖြစ် အသုံးပြုရန်အတွက် တစ်နှစ်လျှင် မြေငှားရမ်းခ **(၁၆,၄၆၁,၆၀၀ိ/-)** နှုန်းဖြင့် **ဦးအောင်နိုင် [၁၀/ရမန (နိုင်) ၀၀၀၀၂၁]၊ မန်နေးဂျင်းဒါရိုက်တာ၊ အောင်မိုးခိုင်ထုတ်လုပ်မှု ကုမ္ပဏီလီမိတက်**သို့ အောက်မြန်မာနိုင်ငံမြို့နှင့် ကျေးရွာမြေများ နည်းဥပဒေ ၉ (ဂ) အရ **နှစ် (၃၀) စက်မှု/ စီးပွားမြေငှားဂရန်** ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၂၅၆/၂၀၁၆)

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဥ့်ကိုင်မြို့နယ်၊ မိုးကောင်းကျေးရွာအုပ်စုရှိ ကွင်းအမှတ်/ အမည် - ၅၉/ ဒေါင်းကျကွင်း၊ ဦးပိုင်အမှတ် (၇၂) မှ မြေဧရိယာ **(၁. ၄၅)** ဧက၊ ဦးပိုင်အမှတ် (၇၃) မှ မြေဧရိယာ **(၁. ၅၃)**ဧက၊ ဦးပိုင်အမှတ် (၇၄^၁)မှ မြေဧရိယာ **(၂. ၈၃)**ဧက၊ ဦးပိုင်အမှတ် (၇၄^၂) မှ မြေဧရိယာ **(၁. ၅၆)** ဧက၊ ဦးပိုင်အမှတ် (၇၅) မှမြေဧရိယာ **(၁. ၁၁)** ဧက၊ ဦးပိုင်အမှတ် (၇၆) မှ မြေဧရိယာ**(၂. ၃၁)** ဧက၊ ဦးပိုင်အမှတ် (-) မှ ရွာဟောင်းမြေဧရိယာ **(၇. ၇၅)** ဧက၊ စုစုပေါင်းမြေဧရိယာ **(၁၈. ၅၄)** ဧကကို **" ဆန်စက်၊ ဆီစက်၊ ဂိုဒေါင်နှင့်ဝန်ထမ်းအိမ်ရာဆောက်လုပ်ရန် "** မြေနေရာအဖြစ် အသုံးပြုရန်အတွက် တစ်နှစ်လျှင်မြေငှားရမ်းခ **(၂,၂၂၄,၈၀၀ိ/-)** နှုန်းဖြင့် **ဦးဇော်မျိုးထက် [၉/စကတ (နိုင်) ၀၆၁၃၇၂]** သို့ အထက်မြန်မာနိုင်ငံမြေနှင့်အခွန်နည်းဥပဒေ ၅၁ - ခ (ဂ) အရ **နှစ် (၃၀) စက်မှု/ စီးပွားမြေငှားဂရန်** ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၄၀၈/၂၀၁၆)

နေပြည်တော်၊ ၁၃၇၇ ခုနှစ်၊ တပို့တွဲလဆန်း ၇ ရက်
(၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက်)

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြောက်ပိုင်းခရိုင်၊ လှည်းကူးမြို့နယ်၊ ဘားလားကျေးရွာအုပ်စု ကွင်းအမှတ်/ အမည် (၄၉၇/ကျောက်တန်းအရှေ့)၊ ဦးပိုင်အမှတ် -(A 1/2) မှ **မြေဧရိယာ (၅. ၂၆) ဧက** ကို သစ်ခွဲခြံ လုပ်ငန်းဆောင်ရွက်ရန်အတွက် တစ်နှစ်လျှင် မြေငှားရမ်းခ **(၁၀,၀၉၉,၂၀၀ိ/-)** နှုန်းဖြင့် **ဒေါ်စန္ဒာအေး [၉/မရတ (နိုင်) ၀၆၃၉၄၉]၊ စိန်အင်တာပရိုက်စ်ကုမ္ပဏီလီမိတက်**သို့ အောက်မြန်မာနိုင်ငံမြို့နှင့် ကျေးရွာမြေများ နည်းဥပဒေ ၉ (ဂ) အရ **နှစ် (၃၀) စက်မှု/စီးပွားမြေငှားဂရန်** ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၄၂၁/၂၀၁၆)

မန္တလေးတိုင်းဒေသကြီး၊မန္တလေးခရိုင်၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ် (၁) ရပ်ကွက်၊ ကွင်းအမှတ်-တ - ၇/ည၊ ဦးပိုင်အမှတ် (၃၇)၊ မြေဧရိယာ **(၀. ၁၁၀၂)** ဧကရှိ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းပြီးဖြစ်သည့် ဒေါ်စန်းစန်းနိုင် အမည်ပေါက် (၂၆. ၆. ၁၉၉၆)မှ (၂၅. ၆. ၂၀၂၆) အထိ နှစ် (၃၀) ဂရန်အား ပယ်ဖျက်၍ **"မန္တလေးတိုင်းဒေသကြီး ပင်စင်ဦးစီးဌာနမှူးရုံး"** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန်အမိန့်ဆင့်ဆိုချက် ၃၃၂ အရ ဘဏ္ဍာရေးဝန်ကြီးဌာနသို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါစစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး ဘဏ္ဍာရေးဝန်ကြီးဌာနက အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၄၂၄/၂၀၁၆)

နေပြည်တော်၊ ၁၃၇၇ ခုနှစ်၊ တပို့တွဲလဆန်း ၈ ရက်

(၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက်)

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်အရှေ့ပိုင်းခရိုင်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ စစ်ပင်တောင်ရပ်ကွက်၊ ကွင်းအမှတ်/အမည် (၁၁၇၄/ဆင်းရွှေလီအနောက်ကွင်း)၊ ဦးပိုင်အမှတ် (၁) မှ **မြေဧရိယာ (၂၂. ၉၅) ဧကကို စပါးသိုလှောင်ရုံ၊ သစ်သီးသိုလှောင်ရုံ၊ လယ်ယာသုံးစက်ကိရိယာဂိုဒေါင်လုပ်ငန်း**မြေနေရာအဖြစ် အသုံးပြုရန်အတွက် တစ်နှစ်လျှင် မြေငှားရမ်းခ **(၆,၈၈၅,၀၀၀/-)** နှုန်းဖြင့် **ဦးမြင့်လှိုင် [၁၃/တကန (နိုင်) ၀၁၀၀၁၁]** အမည်ဖြင့် အောက်မြန်မာနိုင်ငံမြို့နှင့်ကျေးရွာမြေများ နည်းဥပဒေ ၉ (ဂ) အရ **နှစ် (၃၀) စက်မှု/စီးပွားမြေငှားဂရန်** ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၅၂၄/၂၀၁၆)

နေပြည်တော်၊ ၁၃၇၇ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၂ ရက်

(၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်)

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြောက်ပိုင်းခရိုင်၊ လှည်းကူးမြို့နယ်၊ ရေတလဘောင်ကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် (၅၀၅/အထက်တံခွန်တိုင်အရှေ့ကွင်း)၊ ဦးပိုင်အမှတ် (၂၀/၂၊ ၂၁/၃၊ ၂၂/၁) တို့မှ **မြေဧရိယာ (၅. ၈၀) ဧက** ကို နိုင်ငံတကာအဆင့်မီ လယ်ယာသုံးပစ္စည်း၊ ထုတ်လုပ်တပ်ဆင်ခြင်း၊ ပြင်ဆင်ခြင်းအလုပ်ရုံ၊ မျိုးစေ့ဘဏ်နှင့် အဆင့်မီစပါးသိုလှောင်သော စတိုမြေအဖြစ်အသုံးပြုရန်အတွက် တစ်နှစ်လျှင် မြေငှားရမ်းခ **(၁,၀၄၄,၀၀၀/-)** နှုန်းဖြင့် **ဦးစိုးပိုင် [၈/မထန (နိုင်) ၀၀၀၆၇၂]၊ ဦးကြည်စိုး [၁၂/လသန (နိုင်) ၀၁၅၇၃၂]** တို့အမည်ဖြင့် အောက်မြန်မာနိုင်ငံမြို့နှင့် ကျေးရွာမြေများ နည်းဥပဒေ ၉ (ဂ) အရ **နှစ် (၃၀) စက်မှု/စီးပွားမြေငှားဂရန်** ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၅၂၆/၂၀၁၆)

နေပြည်တော်၊ ၁၃၇၇ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၃ ရက်

(၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်)

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ်၊ ပုဂံမြို့၊ ဂန့်ဂါရပ်ကွက်၊ အကွက်အမှတ်/အမည် - ၁၅၅၈/ဂင်္ဂါအနောက်၊ ဦးပိုင်အမှတ် (၁၊ ၂၊ ၃၊ ၄[၁]၊ ၄[၂]၊ ၄[၃]၊ ၅၊ ၆၊ ၇၊ ၈[၁]၊ ၈[၂]၊ ၈[၃]၊ ၉ ၊၅၆[က]၊ ၅၆[ခ]၊ ၅၇[၁]၊ ၅၇[၂]၊ ၅၈[၁]၊ ၅၈[၂]၊ ၅၉[၁]၊ ၅၉[၂]၊ ၆၀[က]၊ ၆၀[ခ]၊ N[၁]) မှ **စုစုပေါင်းမြေဧရိယာ (၁၀၃. ၇၇) ဧက**အား **"နိုင်ငံတကာအဆင့်မီ ဟိုတယ်လုပ်ငန်းဆောင်ရွက်ရန်"** အတွက် တစ်နှစ်လျှင်မြေငှားရမ်းခ **(၂၄,၉၀၄,၈၀၀/-)** နှုန်းဖြင့် **ဦးလီမြင့် [၁၃/တယန (နိုင်) ၀၁၉၀၇၇]** သို့ အထက်မြန်မာနိုင်ငံ မြေနှင့်အခွန် နည်းဥပဒေ ၅၁-ခ (ဂ) အရ **နှစ် (၃၀) စက်မှု/စီးပွားမြေငှားဂရန်** ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၆၂၀/၂၀၁၆)

နေပြည်တော်၊ ၁၃၇၇ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၀ ရက်

(၂၀၁၆ ခုနှစ်၊ မတ်လ ၄ ရက်)

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ်၊ ပုလင်းကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် - ၁၃၄၆ /ပုလင်း၊ ဦးပိုင်အမှတ် (၁၂၆)မှ မြေဧရိယာ (**၃. ၉၀**) ဧက၊ ဦးပိုင်အမှတ် (၁၃၀) မှ မြေဧရိယာ(**၀. ၇၃**) ဧက၊ ဦးပိုင်အမှတ် (၁၃၁) မှ မြေဧရိယာ (**၀. ၇၅**)ဧက၊ ဦးပိုင်အမှတ် (၁၃၂)မှ မြေဧရိယာ (**၁. ၇၅**)ဧက၊ ဦးပိုင်အမှတ် (၁၃၃)မှ မြေဧရိယာ (**၂. ၁၅**) ဧက စုစုပေါင်းမြေဧရိယာ (**၉. ၂၈**) ဧကအား **“ဟိုတယ်လုပ်ငန်းအသုံးပြုရန်”** အတွက် တစ်နှစ်လျှင်မြေငှားရမ်းခ (**၁,၁၁၃,၆၀၀ိ/-**) နှုန်းဖြင့် **ဒေါ်မာလာ [၁၂/ဒဂန (နိုင်) ၀၀၅၇၄၆]** သို့အထက်မြန်မာနိုင်ငံမြေနှင့် အခွန်နည်းဥပဒေ ၅၁-ခ (ဂ) အရ **နှစ် (၃၀) စက်မှု/စီးပွားမြေငှားဂရန်** ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၆၂၂/၂၀၁၆)

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်တောင်ပိုင်းခရိုင်၊ သန်လျင်မြို့နယ်၊ ဗိုလ်ချုပ်ကျေးရွာအုပ်စု၊ ကွင်းအမှတ်/ အမည်(၆၇၅$^{\text{ခ}}$/ချောဆီကွင်း)၊ ဦးပိုင်အမှတ် ( ၂၁၊ ၂၃၊ ၂၅ ) တို့မှ **မြေဧရိယာ (၁၅. ၀၅) ဧကကို ဓာတ်မြေသြဇာများသိုလှောင်ရန်ဂိုဒေါင်၊ လယ်ယာသုံးစက်ပစ္စည်းကိရိယာများထားရှိရန် ဂိုဒေါင်နှင့် ရုံးအဆောက်အအုံ** မြေနေရာအဖြစ် အသုံးပြုရန်အတွက် တစ်နှစ်လျှင် မြေငှားရမ်းခ **(၁,၈၀၆,၀၀ိ/-)** နှုန်းဖြင့် **ဒေါ်သန်းသန်းရှိန် [၁၂/ပဇတ (နိုင်) ၀၁၅၆၅၃]** အမည်ဖြင့် အောက်မြန်မာနိုင်ငံမြို့နှင့်ကျေးရွာမြေများ နည်းဥပဒေ ၉ (ဂ) အရ **နှစ် (၃၀) စက်မှု/စီးပွားမြေငှားဂရန်** ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၆၃၀/၂၀၁၆)

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြောက်ပိုင်းခရိုင်၊ လှည်းကူးမြို့နယ်၊ သာယာကုန်းကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် (၉၈၅$^{A}$/ကျွန်းကလေးတောင်ကွင်း)၊ ဦးပိုင်အမှတ် (၆/က) မှ **မြေဧရိယာ (၅. ၁၃) ဧကကို လယ်ယာသုံးစက်ပစ္စည်းအရောင်းဆိုင်နှင့် စက်ပစ္စည်းသိုလှောင်ရုံ**မြေနေရာအဖြစ် အသုံးပြုရန်အတွက် တစ်နှစ်လျှင် မြေငှားရမ်းခ **(၉၂၃,၄၀၀ိ/-)** နှုန်းဖြင့် **ဒေါ်ဇင်သူသူဝင်း [၁၂/ပဘတ (နိုင်) ၀၃၂၀၂၁]** အမည်ဖြင့် အောက်မြန်မာနိုင်ငံမြို့နှင့် ကျေးရွာမြေများ နည်းဥပဒေ ၉ (ဂ) အရ **နှစ် (၃၀) စက်မှု/စီးပွားမြေငှားဂရန်** ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၆၃၁/၂၀၁၆)

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်အရှေ့ပိုင်းခရိုင်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ အမှတ်(၉၈)ရပ်ကွက် (မထားစု)၊ ကွင်းအမှတ်/အမည်-(၁၁၈၈/ ရွှေနဂါးမင်း)၊ ဦးပိုင်အမှတ် (၁) မှ **မြေဧရိယာ (၆၀. ၃၄) ဧက** ကို ဆန်နှင့်ဆန်ထွက်ပစ္စည်း ကြိတ်ခွဲသန့်စင်စက်ရုံမြေအဖြစ် အသုံးပြုရန်အတွက် တစ်နှစ်လျှင် မြေငှားရမ်းခ **(၁၈,၁၀၂,၀၀ိ/-)** နှုန်းဖြင့် **ဦးသူရိန် [၁၂/တမန (နိုင်) ၁၀၀၁၅၇] မန်နေးဂျင်းဒါရိုက်တာ ရွှေနဂါးမင်း ကုမ္ပဏီလီမိတက်**သို့ အောက်မြန်မာနိုင်ငံမြို့နှင့်ကျေးရွာမြေများနည်းဥပဒေ ၉ (ဂ) အရ **နှစ် (၃၀) စက်မှု/စီးပွားမြေငှားဂရန်** ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၆၃၂/၂၀၁၆)

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြောက်ပိုင်းခရိုင်၊ လှည်းကူးမြို့နယ်၊ သာယာကုန်းကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် (၉၈၅$^{A}$/ကျွန်းကလေးတောင်ကွင်း)၊ ဦးပိုင်အမှတ် (၇) မှ **မြေဧရိယာ (၅. ၆၂) ဧကကို**

**ဆန်စက်နှင့် စပါးသိုလှောင်ရုံလုပ်ငန်း** မြေနေရာအဖြစ် အသုံးပြုရန်အတွက် တစ်နှစ်လျှင် မြေငှားရမ်းခ **(၁,၀၁၁,၆၀ဝိ/-)** နှုန်းဖြင့် **ဦးအောင်ဝင်း [၁၂/ကတတ (နိုင်) ၀၁၀၅၉၁]** အမည်ဖြင့် အောက်မြန်မာနိုင်ငံမြို့နှင့် ကျေးရွာမြေများ နည်းဥပဒေ ၉ (ဂ) အရ **နှစ် (၃၀) စက်မှု/စီးပွားမြေငှားဂရန်** ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၇၃၆/၂၀၁၆)

နေပြည်တော်၊ ၁၃၇၇ ခုနှစ်၊ တပေါင်းလဆန်း ၆ ရက်

(၂၀၁၆ ခုနှစ်၊ မတ်လ ၁၄ ရက်)

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြောက်ပိုင်းခရိုင်၊ လှည်းကူးမြို့နယ်၊ မင်းကုန်းကျေးရွာ၊ ကွင်းအမှတ်/ အမည်- (၆/ မဟူရာကွင်း)၊ ဦးပိုင်အမှတ် (N ၁၅၂၊ N ၁၅၃) တို့မှ **မြေဧရိယာ (၁၀၃. ၃၀) ဧက**ကို နိုင်ငံတကာအဆင့်မီ ခေတ်မီနည်းပညာမွေးမြူရေးလုပ်ငန်းမြေနေရာအဖြစ် အသုံးပြုရန်အတွက် တစ်နှစ်လျှင် မြေငှားရမ်းခ **(၁၂,၃၉၆,၀၀ဝိ/-)** နှုန်းဖြင့် **ဦးလှဝေ [၁၂/လမန (နိုင်) ၀၂၈၈၀၃]** အမည်ဖြင့် အောက်မြန်မာနိုင်ငံမြို့နှင့် ကျေးရွာမြေများ နည်းဥပဒေ ၉ (ဂ) အရ **နှစ် (၃၀) စက်မှု/စီးပွားမြေငှားဂရန်** ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၇၃၉/၂၀၁၆)

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်၊ မြောက်ကိုင်းကျေးရွာအုပ်စု၊ ကွင်းအမှတ်/ အမည် - ၁၉ /ဆဲ့နှစ်ကိုင်း၊ ဦးပိုင်အမှတ် (၁၆၆[၂])မှ မြေဧရိယာ (**၀. ၉၅**) ဧက၊ ဦးပိုင်အမှတ် (၁၆၇) မှ မြေဧရိယာ (**၀. ၉၁**) ဧက၊ ဦးပိုင်အမှတ် (၁၆၈[၂]) မှ မြေဧရိယာ (**၂. ၅၅**) ဧက၊ ဦးပိုင်အမှတ် (၁၆၉) မှ မြေဧရိယာ (**၃. ၅၉**) ဧက၊ **စုစုပေါင်းမြေဧရိယာ (၈. ၀၀) ဧက**အား **"ဥရောပအာရှ အဖျော်ယမကာကုမ္ပဏီ လီမိတက်"** အမည်ပေါက် သိုလှောင်ရုံများတည်ဆောက်ရန် မြေနေရာအဖြစ် အသုံးပြုရန်အတွက် တစ်နှစ်လျှင် မြေငှားရမ်းခ (**၉၆၀,၀၀ဝိ/-**) နှုန်းဖြင့် **ဦးစိန်မြင့် [၁၂/ကခန (နိုင်) ၀၀၉၉၃၉]၊ အုပ်ချုပ်မှုဒါရိုက်တာ၊ Europe and Asia Beverages Co., Ltd.** သို့ အထက်မြန်မာနိုင်ငံမြေနှင့် အခွန်နည်းဥပဒေ ၅၁-ခ (ဂ) အရ **နှစ် (၃၀) စက်မှု/စီးပွားမြေငှားဂရန်** ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၇၄၀/၂၀၁၆)

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်၊ မြောက်ကိုင်းကျေးရွာအုပ်စု၊ ကွင်းအမှတ်/ အမည်-၁၉/ဆဲ့နှစ်ကိုင်း၊ ဦးပိုင်အမှတ် (၁၇၀)မှ မြေဧရိယာ (**၂. ၂၆**) ဧက၊ ဦးပိုင်အမှတ် (၁၇၁) မှ မြေဧရိယာ (**၂. ၄၃**) ဧက၊ ဦးပိုင်အမှတ် (၁၇၂[၁]) မှ မြေဧရိယာ (**၁. ၆၂**) ဧက၊ ဦးပိုင်အမှတ် (၁၇၅[၁]) မှ မြေဧရိယာ (**၅. ၂၉**) ဧက၊ ဦးပိုင်အမှတ် (၁၇၆) မှ မြေဧရိယာ (**၁. ၃၂**) ဧက၊ ဦးပိုင်အမှတ် (၁၇၇) မှ မြေဧရိယာ (**၁. ၉၉**) ဧက၊ ဦးပိုင်အမှတ် (၁၇၈) မှ မြေဧရိယာ (**၅. ၉၃**) ဧက၊ ဦးပိုင်အမှတ် (၁၇၉[၁]) မှ မြေဧရိယာ (**၁. ၃၉**) ဧက၊ စုစုပေါင်းမြေဧရိယာ (၂၂. ၂၃) ဧကအား **"ဥရောပအာရှအဖျော်ယမကာကုမ္ပဏီလီမိတက်"** အမည်ပေါက် ဝန်ထမ်းအိမ်ရာနှင့်စက်ရုံဂိုဒေါင် အဆောက်အအုံဆောက်လုပ်ရန် မြေနေရာအဖြစ်အသုံးပြုရန် အတွက် တစ်နှစ်လျှင်မြေငှားရမ်းခ (**၂,၆၆၇,၆၀ဝိ/-**) နှုန်းဖြင့် **ဦးစိန်မြင့် [၁၂/ကခန (နိုင်) ၀၀၉၉၃၉]၊ အုပ်ချုပ်မှုဒါရိုက်တာ၊ Europe and Asia Beverages Co., Ltd.** သို့ အထက်မြန်မာနိုင်ငံမြေနှင့် အခွန် နည်းဥပဒေ ၅၁-ခ (ဂ) အရ **နှစ် (၃၀) စက်မှု/စီးပွားမြေငှားဂရန်** ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၇၆၀/၂၀၁၆)

နေပြည်တော်၊ ၁၃၇၇ ခုနှစ်၊ တပေါင်းလဆန်း ၈ ရက်

(၂၀၁၆ ခုနှစ်၊ မတ်လ ၁၆ ရက်)

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ ရေကြည်ကျေးရွာအုပ်စု၊ ကွင်းအမှတ်/ အမည်-၅၄၈/ရေကြည်အရှေ့ကွင်း၊ ဦးပိုင်အမှတ် (၂၄[၂])၊ (၂၄[၃])၊ (၂၅[၂])၊ (၂၅[၃])၊ (၂၆)၊ (၂၇)၊ (၃၀[၁])၊ (၃၉[၁])၊ (၃၉[၂])၊ (၃၉[၃])၊ (၃၉[၄])၊ (၃၉[၅])၊ (၃၉[၆])၊ (၃၉[၇])၊ (၃၉[၈])၊ (၃၉[၉])၊ (၃၉[၁၀])၊ (၃၉[၁၁])၊ (၃၉[၁၂])၊ (၃၉[၁၃])၊

(၃၉$^{၁၄}$)၊ (၄၀)၊ (၄၁)၊ (၄၂)၊ (၄၃$^{၁}$)၊ (၄၃$^{၂}$)၊ (၄၃$^{၃}$)၊ (၄၄)၊ (၄၅)၊ (၄၆)၊ (၄၇)၊ (၄၈$^{၁}$)၊ (၄၈$^{၂}$)၊ (၄၉)၊ (၅၀)၊ (၅၁$^{၂}$)၊ (၅၂$^{၂}$)၊ (၅၅)၊ (၅၆)၊ (၅၇)၊ (၅၈)၊ (၅၉)၊ (၆၀)၊ (၆၃$^{၂}$)၊ (၆၄)၊ (၆၆)၊ (၆၇)၊ (၇၂)၊ (၇၃)၊ (၇၄)၊ (၇၅)၊ (၇၆)၊ (၇၇)၊ (၇၈)၊ (၇၉)၊ (၈၀$^{၁}$)၊ (၈၀$^{၂}$)၊ (၈၁)၊ (၈၂)၊ (၈၃$^{၁}$)၊ (၈၄)၊ (၈၅$^{၁}$)၊ (၈၅$^{၂}$)၊ (၈၆)၊ (၈၇$^{၁}$)၊ (၈၇$^{၂}$)၊ (၈၇$^{၃}$)၊ (၈၈)၊ (၈၉)၊ (၉၀$^{၁}$)၊ (၉၀$^{၂}$)၊ (၉၁)၊ (၉၂)၊ (၉၃)၊ (၉၄$^{၁}$)၊ (၉၄$^{၂}$)၊ (၉၅$^{၁}$)၊ (၉၅$^{၂}$)၊ (၉၆)၊ (၉၇)၊ (၉၈)၊ (၉၉$^{၁}$)၊ (၉၉$^{၂}$)၊ (၁၀၀)၊ (၁၀၁)၊ (၁၀၂)၊ (၁၀၃$^{၁}$)၊ (၁၀၃$^{၂}$)၊ (၁၀၄)၊ (၁၀၅$^{၁}$)၊ (၁၀၅$^{၂}$)၊ (၁၀၆)၊ (၁၀၇$^{၁}$)၊ (၁၀၇$^{၂}$)၊ (၁၀၈)၊ (N$^{၃}$)၊ (N$^{၄}$)၊ (N$^{၆}$)၊ (N$^{၇}$) တို့မှ မြေဧရိယာ **(၃၀၀. ၆၁)** ဧကနှင့် အခြားမြေဧရိယာ (၇၂. ၃၁) ဧက၊ **စုစုပေါင်းမြေဧရိယာ (၃၇၂. ၉၂) ဧက** အား **"နိုင်ငံတကာအဆင့်မီ ဂေါက်ကွင်းနှင့် အပန်းဖြေမြေနေရာ"** အဖြစ် အသုံးပြုရန်အတွက် တစ်နှစ်လျှင် မြေငှားရမ်းခ **(၁၃၄,၂၅၁,၂၀၀ိ/-)** နှုန်းဖြင့် **မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ** သို့ အထက်မြန်မာနိုင်ငံမြေနှင့်အခွန်နည်းဥပဒေ ၅၁ - ခ (ဂ) အရ **နှစ် (၃၀) စက်မှု/စီးပွားမြေငှားဂရန်** ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၇၇၂/၂၀၁၆)

နေပြည်တော်၊ ၁၃၇၇ ခုနှစ်၊ တပေါင်းလဆန်း ၉ ရက်

(၂၀၁၆ ခုနှစ်၊ မတ်လ ၁၇ ရက်)

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်အရှေ့ပိုင်းခရိုင်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ကျီစုအရှေ့ကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် (၁၁၈၃/ အမျိုးသားကြီးပွားတိုးတက်ရေးကွင်း)၊ ဦးပိုင်အမှတ် (၁) ရှိ **မြေဧရိယာ (၅၀. ၀၀) ဧကကို ဆန်စက်၊ စပါးသိုလှောင်ရုံ၊ ကုန်ချောသိုလှောင်ရုံ၊ အမိုးပါတလင်း၊ ရေပန်းရုံ၊ ထရန်စဖော်မာ၊ ဝန်ထမ်းအိမ်ရာ၊ ရုံး၊ အစည်းအဝေးခန်းမ၊ စက်ယန္တရားသိုလှောင်ရုံ မီးသတ်ရေကန်** မြေအဖြစ်အသုံးပြုရန်အတွက် တစ်နှစ်လျှင် မြေငှားရမ်းခ **(၁၅,၀၀၀,၀၀၀ိ/-)** နှုန်းဖြင့် **ဦးအေးမောင် [၁၂/ဗဟန (နိုင်) ၀၆၄၃၉၅]** အမည်ဖြင့် အောက်မြန်မာနိုင်ငံမြို့နှင့် ကျေးရွာမြေများ နည်းဥပဒေ ၉ (ဂ) အရ **နှစ် (၃၀) စက်မှု/စီးပွားမြေငှားဂရန်** ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၈၇၄/၂၀၁၆)

နေပြည်တော်၊ ၁၃၇၇ ခုနှစ်၊ တပေါင်းလဆန်း ၁၃ ရက်

(၂၀၁၆ ခုနှစ်၊ မတ်လ ၂၁ ရက်)

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြောက်ပိုင်းခရိုင်၊ မင်္ဂလာဒုံမြို့နယ်၊ ရွာမရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၅၂၇/အေ)၊ မြေကွက်အမှတ် (၂၉၊ ၃၀၊ ၃၁၊ ၃၂၊ ၃၃၊ ၃၄၊ ၄၃၊ ၄၅) တို့မှ **မြေဧရိယာ (၃၉. ၉၃) ဧကကို အရောင်းကုန်တိုက်များ၊ ဝန်ဆောင်မှုလုပ်ငန်းများ၊ ခရီးသွားလုပ်ငန်းနှင့် သက်ဆိုင်သည့်လုပ်ငန်းများ၊ လူနေထိုင်ရာအဆောက်အအုံ**မြေနေရာအဖြစ်အသုံးပြုရန်အတွက် တစ်နှစ်လျှင် မြေငှားရမ်းခ **(၁၄,၃၇၄,၈၀၀ိ/-)** နှုန်းဖြင့် **ဦးမိုးကျော်သူ [၁၂/ကတတ (နိုင်) ၀၁၀၆၃၇]** အမည်ဖြင့် အောက်မြန်မာနိုင်ငံမြို့နှင့် ကျေးရွာမြေများ နည်းဥပဒေ ၉ (ဂ) အရ **နှစ် (၃၀) စက်မှု/စီးပွားမြေငှားဂရန်** ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၈၇၅/၂၀၁၆)

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြောက်ပိုင်းခရိုင်၊ မှော်ဘီမြို့နယ်၊ အင်းလှကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် (၅၇၇/ကျောက်ပုန်းကွင်း)၊ ဦးပိုင်အမှတ် (၂၅/၂၊ ၃၂/၂) တို့မှ **မြေဧရိယာ (၇. ၂၂) ဧကကို ဈေးကွက်ဝင်ဥယျာဉ်ခြံသီးနှံများအား အအေးခန်းစနစ်ဖြင့် ထိန်းသိမ်းခြင်းလုပ်ငန်း၊ ဖျော်ရည်လုပ်ငန်း၊ ကုန်ကြမ်းသိုလှောင်ရုံ** မြေနေရာအဖြစ် အသုံးပြုရန်အတွက် တစ်နှစ်လျှင် မြေငှားရမ်းခ **(၁,၂၉၉,၆၀၀ိ/-)** နှုန်းဖြင့် **ဦးစည်သူ [၁၂/တမန (နိုင်) ၀၇၅၃၀၃]** အမည်ဖြင့် အောက်မြန်မာနိုင်ငံမြို့နှင့် ကျေးရွာမြေများ နည်းဥပဒေ ၉ (ဂ) အရ **နှစ် (၃၀) စက်မှု/စီးပွားမြေငှားဂရန်** ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၈၇၆/၂၀၁၆)

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြောက်ပိုင်းခရိုင်၊ လှည်းကူးမြို့နယ်၊ ဇရပ်ကွင်းကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် (၁၀၂၂/ရဲမွန်ကလေးမြောက်ကွင်း)၊ ဦးပိုင်အမှတ် (၂၁/က၊ ၂၁/ခ၊ ၂၂/က၊ ၂၂/ခ၊ ၂၂/ဃ) တို့မှ **မြေဧရိယာ (၁၉၄. ၃၇) ဧကကို အသေးစားစက်မှုဥယျာဉ်** မြေနေရာအဖြစ် အသုံးပြုရန်အတွက် တစ်နှစ်လျှင် မြေငှားရမ်းခ **(၃၄,၉၈၆,၆၀၀ိ/-)** နှုန်းဖြင့် **ဦးကျော်သူရ (ဒါရိုက်တာ) [၇/တငန (နိုင်) ၀၅၂၁၄၇] မြို့တော်သစ်ဖွံ့ဖြိုးတိုးတက်ရေးအများပိုင် ကုမ္ပဏီလီမိတက်** အမည်ဖြင့် အောက်မြန်မာနိုင်ငံမြို့နှင့်ကျေးရွာမြေများ နည်းဥပဒေ ၉ (ဂ) အရ **နှစ် (၃၀) စက်မှု/စီးပွားမြေငှားဂရန်** ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၈၇၇/၂၀၁၆)

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြောက်ပိုင်းခရိုင်၊ လှည်းကူးမြို့နယ်၊ ဇရပ်ကွင်းကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် (၁၀၂၁/အင်းဂထောက်ကွင်း)၊ ဦးပိုင်အမှတ် (၈၊ ၉/က၊ ၉/ခ၊ ၁၀၊ ၁၀/င၊ ၁၁/က၊ ၁၁/ခ၊ ၁၁/ဃ) တို့မှ **မြေဧရိယာ (၂၇၉. ၂၁) ဧကကို အသေးစားစက်မှုဥယျာဉ်** မြေနေရာအဖြစ် အသုံးပြုရန်အတွက် တစ်နှစ်လျှင် မြေငှားရမ်းခ **(၅၀,၂၅၇,၈၀၀ိ/-)** နှုန်းဖြင့် **ဦးကျော်သူရ (ဒါရိုက်တာ) [၇/တငန (နိုင်) ၀၅၂၁၄၇] မြို့တော်သစ်ဖွံ့ဖြိုးတိုးတက်ရေးအများပိုင် ကုမ္ပဏီလီမိတက်** အမည်ဖြင့် အောက်မြန်မာနိုင်ငံမြို့နှင့်ကျေးရွာမြေများ နည်းဥပဒေ ၉ (ဂ) အရ **နှစ် (၃၀) စက်မှု/စီးပွားမြေငှားဂရန်** ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၈၇၉/၂၀၁၆)

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြောက်ပိုင်းခရိုင်၊ လှည်းကူးမြို့နယ်၊ ဇရပ်ကွင်းကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် (၁၀၂၀/သရက်ကုန်းကွင်း)၊ ဦးပိုင်အမှတ် (၃၃၊ ၃၆၊ ၃၅၊ ၃၇၊ ၄၂၊ ၄၃၊ ၄၄၊ ၄၅/ခ၊ ၅၃/က၊ ၅၃/ခ၊ ၅၃/ဃ၊ ၅၄၊ ၅၅) တို့မှ **မြေဧရိယာ (၂၂၆. ၆၉) ဧကကို အသေးစားစက်မှုဥယျာဉ်** မြေနေရာအဖြစ် အသုံးပြုရန်အတွက် တစ်နှစ်လျှင် မြေငှားရမ်းခ **(၄၀,၈၀၄,၂၀၀ိ/-)** နှုန်းဖြင့် **ဦးကျော်သူရ (ဒါရိုက်တာ) [၇/တငန (နိုင်) ၀၅၂၁၄၇] မြို့တော်သစ်ဖွံ့ဖြိုးတိုးတက်ရေးအများပိုင် ကုမ္ပဏီလီမိတက်** အမည်ဖြင့် အောက်မြန်မာနိုင်ငံမြို့နှင့် ကျေးရွာမြေများ နည်းဥပဒေ ၉ (ဂ) အရ **နှစ် (၃၀) စက်မှု/စီးပွားမြေငှားဂရန်** ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၈၉၄/၂၀၁၆)

နေပြည်တော်၊ ၁၃၇၇ ခုနှစ်၊ တပေါင်းလဆန်း ၁၄ ရက်

(၂၀၁၆ ခုနှစ်၊ မတ်လ ၂၂ ရက်)

ပြည်ထဲရေးဝန်ကြီးဌာန၏ ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက်စွဲပါ အမိန့်ကြော်ငြာစာ (၁၂၆၃/၂၀၁၅) ဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြောက်ပိုင်းခရိုင်၊ မှော်ဘီမြို့နယ်၊ လှည်းငုတ်ချောင်းကျေးရွာအုပ်စု၊ ကွင်းအမှတ်/ အမည် (၆၃၀/လှည်းငုတ်ချောင်း)၊ ဦးပိုင်အမှတ် (၅၇) မှ **မြေဧရိယာ (၁၁. ၂၆) ဧကကို အထည်ချုပ်စက်ရုံ** မြေအဖြစ် အသုံးပြုရန်အတွက် အောက်မြန်မာနိုင်ငံမြို့နှင့် ကျေးရွာမြေများ နည်းဥပဒေ ၉ (ဂ) အရ **နှစ် (၃၀) စက်မှု/စီးပွားမြေငှားဂရန်** ထုတ်ပေးခွင့်ပြုခဲ့သည့် အမိန့်ကြော်ငြာစာကို ပယ်ဖျက်လိုက်သည်။

လျှောက်ထားမြေဧရိယာ (၁၁. ၂၆) ဧကကို အထည်ချုပ်စက်ရုံမြေအဖြစ် အသုံးပြုရန်အတွက် တစ်နှစ်လျှင် မြေငှားရမ်းခ **(၄,၀၅၃,၆၁၀ိ/-)** နှုန်းဖြင့် **ဦးဌေးရင် [၁၂/ရကန (နိုင်) ၀၆၂၀၀၆] + ဒေါ်နှင်းမြတ်ထွေး [၁၂/ကမတ (နိုင်) ၀၀၀၆၅၁]** တို့ အမည်ဖြင့် အောက်မြန်မာနိုင်ငံမြို့နှင့် ကျေးရွာမြေများ နည်းဥပဒေ ၉ (ဂ) အရ **နှစ် (၃၀) စက်မှု/စီးပွားမြေငှားဂရန်** ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၉၀၂/ ၂၀၁၆)

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ သမ္မတာကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် - ၅၄၁/အောင်ပင်လယ်ကန်တွင်းကွင်း၊  ဦးပိုင်အမှတ် (၆၀$^{၁}$၊ ၆၀$^{၂}$၊ ၆၁$^{၂}$၊ ၆၃$^{၂}$၊  ၆၄$^{၂}$) မှ မြေဧရိယာ (**၇. ၅၄**) ဧကကို“ **ကိုယ်ပိုင်အထက်တန်းကျောင်းနှင့် Vocational School** ” မြေနေရာအဖြစ် အသုံးပြုရန်အတွက် တစ်နှစ်လျှင် မြေငှားရမ်းခ (**၂,၇၁၄,၄၀၀ိ/-**) နှုန်းဖြင့် **ဒေါ်သူဇာအောင် [၉/မရမ (နိုင်) ၀၁၄၂၂၂]** သို့ အထက်မြန်မာနိုင်ငံမြေနှင့်အခွန်နည်းဥပဒေ ၅၁-ခ (ဂ) အရ **နှစ် (၃၀) စက်မှု/စီးပွားမြေငှားဂရန်** ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၉၀၇/ ၂၀၁၆)

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြောက်ပိုင်းခရိုင်၊ လှည်းကူးမြို့နယ်၊ ဆင်ဖုံကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် (၄၉၀ B/ကြာကံကြီးတောင်ကွင်း)၊ ဦးပိုင်အမှတ် (၂$^{ဆ}$) မှ **မြေဧရိယာ (၉. ၅၁) ဧကကို** သီးနှံသိုလှောင်ထုပ်ပိုးစက်ရုံ မြေအဖြစ်အသုံးပြုရန်အတွက် တစ်နှစ်လျှင် မြေငှားရမ်းခ **(၁,၇၁၁,၈၀၀ိ/-)** နှုန်းဖြင့် **ဒေါ်ကေခိုင်ရွှေ [၁၂/စခန (နိုင်) ၀၀၇၇၅၄]** သို့ အောက်မြန်မာနိုင်ငံမြို့နှင့် ကျေးရွာမြေများ နည်းဥပဒေ ၉ (ဂ) အရ **နှစ် (၃၀) စက်မှု/စီးပွားမြေငှားဂရန်** ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၉၀၈/ ၂၀၁၆)

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်အရှေ့ပိုင်းခရိုင်၊ ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ်၊ သရက်ပင်ချောင်း ကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် (၁၁၈၅/ပင်လယ်ကိုးသွယ်)၊ ဦးပိုင်အမှတ် (၁) မှ **မြေဧရိယာ (၃၅. ၂၆) ဧက** ကို **ဆန်စက်၊ ဆန်သိုလှောင်ရုံများ၊ စပါးအခြောက်ခံစက်နှင့် ပေါင်းဆန်စက် ဆောက်လုပ်** အသုံးပြုရန်အတွက် တစ်နှစ်လျှင် မြေငှားရမ်းခ **(၁၀,၅၇၈,၀၀၀ိ/-)** နှုန်းဖြင့် **ဦးအောင်သန်းဦး (အုပ်ချုပ်မှုဒါရိုက်တာ) [၁၂/လသန (နိုင်) ၀၃၃၄၂၉] အုပ်ချုပ်မှုဒါရိုက်တာ၊ ပင်လယ်ကိုးသွယ်ကုမ္ပဏီလီမိတက်**သို့ အောက်မြန်မာနိုင်ငံမြို့နှင့် ကျေးရွာမြေများ နည်းဥပဒေ ၉ (ဂ) အရ **နှစ် (၃၀) စက်မှု/စီးပွားမြေငှားဂရန်** ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၁၀၀၈/ ၂၀၁၆)

နေပြည်တော်၊ ၁၃၇၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၅ ရက်

(၂၀၁၆ ခုနှစ်၊ မတ်လ ၂၈ ရက်)

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ်၊ မြေနဲလေးကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် - ၁၅၁၃/ဘုန်းကြီးကန်၊  ဦးပိုင်အမှတ် (၇$^{ခ-၂}$) မှ မြေဧရိယာ (**၃. ၃၉**) ဧက၊ ဦးပိုင်အမှတ် (၈$^{ခ}$) မှ မြေဧရိယာ (**၀. ၈၉**) ဧက၊ ဦးပိုင်အမှတ် (၉$^{က}$) မှ မြေဧရိယာ (**၆. ၁၀**) ဧက စုစုပေါင်း မြေဧရိယာ (**၁၀. ၃၈**) ဧကအား “ **ဟိုတယ်နှင့်အပန်းဖြေစခန်း**” မြေနေရာအဖြစ် အသုံးပြုရန်အတွက် တစ်နှစ်လျှင် မြေငှားရမ်းခ (**၁,၂၄၅,၆၀၀ိ/-**) နှုန်းဖြင့် **ဒေါ်ခင်ဝင်း [၉/မရတ (နိုင်) ၀၂၀၄၆၉]** သို့ အထက်မြန်မာနိုင်ငံမြေနှင့် အခွန်နည်းဥပဒေ ၅၁-ခ (ဂ) အရ **နှစ် (၃၀) စက်မှု/ စီးပွားမြေငှားဂရန်** ထုတ်ပေးခွင့်ပြုသည်။

ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ပြည်ထဲရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**နယ်စပ်ရေးရာဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၃/၂၀၁၇)**

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ တန်ခူးလဆန်း ၁၄ ရက်

(၂၀၁၇ ခုနှစ်၊ ဧပြီလ ၁၀ ရက်)

နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဝန်ကြီးရုံး၊ အုပ်ချုပ်ရေးနှင့် လူ့အရင်းအမြစ်စီမံခန့်ခွဲမှုဌာနခွဲမှ လက်ထောက်အတွင်းဝန် ဒေါ်ခင်ခင်သိန်း လစာနှုန်း (၃၄၀,၀၀၀-၄,၀၀၀-၃၆၀,၀၀၀) အား နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၂၂ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၈၁ တို့အရ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လ ခံစားခွင့်ကို ၂၀၁၇ ခုနှစ်၊ မေလ ၄ ရက်နေ့မှ စက်တင်ဘာလ ၃ ရက်နေ့အထိ ခံစားခွင့်ပြုလိုက်သည်။

ယင်းခွင့်ရက်များ ကုန်ဆုံးသည့် ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၄ ရက်နေ့ နံနက်ပိုင်းမှစ၍ ယင်းအား နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆၊ ပုဒ်မခွဲ (က)၊ ပုဒ်မ ၅၇ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) တို့အရ သက်ပြည့်အငြိမ်းစားယူခွင့်ပြုလိုက်သည်။

ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
နယ်စပ်ရေးရာဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမိန့်အမှတ် (၆၉/၂၀၁၇)**

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ တန်ခူးလဆန်း ၁၄ ရက်

(၂၀၁၇ ခုနှစ်၊ ဧပြီလ ၁၀ ရက်)

ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ စစ်ရာထူးခန့်ချုပ်ရုံး၏ ၂၀၁၇ ခုနှစ်၊ မတ်လ ၂၂ ရက်စွဲပါ စာအမှတ်၊ ၁၇ ရာထူး (၁၃-ထ/၂) ၂၀၁၇ ဖြင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနသို့ လွှဲပြောင်းတာဝန်ထမ်းဆောင်ခွင့်ပြုလိုက်သော နမ့်စန်လေတပ်စခန်းဌာနချုပ်၊ အုပ်ချုပ်ရေးတပ်မှ ဆေးမှူးကြီး ၂၇၂၄၇ ဗိုလ်မှူးနိုင်အောင် အား လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ပျံသန်းစစ်ဆေးရေးဌာနခွဲတွင် လစ်လပ်လျက်ရှိသည့် လစာနှုန်း (၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀) လက်ထောက်ညွှန်ကြားရေးမှူးရာထူး နေရာသို့ ၂၀၁၇ ခုနှစ်၊ ဧပြီလ ၃ ရက်နေ့ နံနက်ပိုင်းမှစ၍ ခန့်ထားလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမိန့်အမှတ် (၇၁/၂၀၁၇)**

၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၃ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁/၂၀၁၇) ၏ သဘောတူဆုံးဖြတ်ချက်အရ ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေး

အမှတ်စဉ် (၇/၂၀၁၇) ၏ သဘောတူခွင့်ပြုချက် ရရှိပြီးဖြစ်ပါသဖြင့် မြန်မာအမျိုးသားလေကြောင်း၊ လေယာဉ်ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းဌာနမှ လစာနှုန်း (၁၉၅,၀၀၀-၂,၀၀၀-၂၀၅,၀၀၀) စက်မှုကျွမ်းကျင်-၁ ဦးအောင်မြင့်စိုး (လရ-၄၄၇၁) အား ယင်းဌာနတွင် လစ်လပ်လျက်ရှိသော လစာနှုန်း (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) လက်ထောက်အင်ဂျင်နီယာ (စက်မှု) ရာထူးနေရာသို့ ၂၀၁၇ ခုနှစ်၊ ဧပြီလ ၅ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

သန့်စင်မောင်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၄၉/၂၀၁၇)**

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ တန်ခူးလဆန်း ၁၀ ရက်
(၂၀၁၇ ခုနှစ်၊ ဧပြီလ ၆ ရက်)

၂၀၁၇ ခုနှစ်၊ ဧပြီလ ၄ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၆/၂၀၁၇) မှ သဘောတူညီချက်ဖြင့် အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေ ပုဒ်မ ၁၆ နှင့် ပုဒ်မ ၁၇ တို့အရ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနသည် အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရန်အတွက် ကရင်ပြည်နယ် အငြင်းပွားမှုဖြေရှင်းရေး ခုံသမာဓိအဖွဲ့အား အောက်ပါပုဂ္ဂိုလ်များဖြင့် အသစ်ပြန်လည်ဖွဲ့စည်း တာဝန်ပေးအပ်လိုက်သည်-

| စဉ် | အမည်၊ ရာထူး၊ ဌာန | တာဝန် |
|---|---|---|
| (က) | ဦးရွှေအေး<br>ဒုတိယညွှန်ကြားရေးမှူး (ငြိမ်း)<br>မကွေးတိုင်းဒေသကြီးဥပဒေချုပ်ရုံး၊ အမှတ် (၄) ရပ်ကွက်<br>သာယာကုန်း (၃) လမ်း၊ ဘားအံမြို့ | ဥက္ကဋ္ဌ |
| (ခ) | ဦးစိုးမြင့်<br>ဥက္ကဋ္ဌ၊ ဆန်လုပ်ငန်းရှင်များအသင်း<br>ကရင်ပြည်နယ်၊ ဘားအံမြို့ | အဖွဲ့ဝင် |
| (ဂ) | ဦးသန်းမြ<br>ပိုင်ရှင်၊ မြလင်းသစ်အချောထည်လုပ်ငန်း<br>အမှတ် (၁၇/၂) ဇုန် (၃)<br>ဘားအံစက်မှုဇုန်၊ ဘားအံမြို့ | အဖွဲ့ဝင် |
| (ဃ) | ဦးကျော်ဝင်းမင်း<br>ပိုင်ရှင်၊ ရှမ်းလေး (ဓာတ်ဆီဆိုင်)၊ အမှတ် (၈) ရပ်ကွက်<br>ထောင်ဝိကျေးရွာ၊ ဘားအံမြို့ | အဖွဲ့ဝင် |
| (င) | ဒေါ်မိကြည်စန်း<br>တောင်သူလယ်သမား၊ စိုက်ပျိုးရေးနှင့်စားသောက်<br>ကုန်ထုတ်လုပ်ငန်းပေါင်းစုံ၊ အလုပ်သမားသမဂ္ဂအဖွဲ့<br>(AFFM-IUF) | အဖွဲ့ဝင် |

| စဉ် | အမည်၊ ရာထူး၊ ဌာန | တာဝန် |
|---|---|---|
| (စ) | ဒေါ်ဆွေဇင်မွန်<br>Sun Appearl အထည်ချုပ်စက်ရုံ<br>ဘားအံစက်မှုဇုန်၊ ဘားအံမြို့ | အဖွဲ့ဝင် |
| (ဆ) | ဒေါ်စန်းစန်းမြင့်<br>Full Tex သိုးမွေးထိုးစက်ရုံ<br>ဘားအံစက်မှုဇုန်၊ ဘားအံမြို့ | အဖွဲ့ဝင် |
| (ဇ) | ဦးအောင်ငြိမ်း<br>လက်ထောက်ညွှန်ကြားရေးမှူး<br>အလုပ်သမားညွှန်ကြားရေးဦးစီးဌာန<br>ကရင်ပြည်နယ်၊ ဘားအံမြို့ | အဖွဲ့ဝင် |
| (ဈ) | ဦးဘိုးရင်<br>ဥပဒေအရာရှိ (ငြိမ်း)၊ ဈေးမသွယ်ရွာ<br>ဘားအံမြို့ | အဖွဲ့ဝင် |
| (ည) | ဦးမိုးသီဟဇော်<br>UHM Co., Ltd. အမှတ် (၄) ရပ်ကွက်<br>ကမ်းနားလမ်း၊ ဘားအံမြို့ | အဖွဲ့ဝင် |
| (ဋ) | ဒေါ်ခိုင်စိုးအေး<br>ဒုတိယညွှန်ကြားရေးမှူး<br>အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာန<br>ကရင်ပြည်နယ်၊ ဘားအံမြို့ | အတွင်းရေးမှူး |

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၅၀/၂၀၁၇)

၂၀၁၇ ခုနှစ်၊ ဧပြီလ ၄ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၆/၂၀၁၇) မှ သဘောတူညီချက်ဖြင့် အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေ ပုဒ်မ ၁၆ နှင့် ပုဒ်မ ၁၇ တို့အရ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနသည် အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရန်အတွက် ချင်းပြည်နယ် အငြင်းပွားမှု ဖြေရှင်းရေး ခုံသမာဓိအဖွဲ့အား အောက်ပါပုဂ္ဂိုလ်များဖြင့် အသစ်ပြန်လည်ဖွဲ့စည်း တာဝန်ပေးအပ်လိုက်သည်-

| စဉ် | အမည်၊ ရာထူး၊ ဌာန | တာဝန် |
|---|---|---|
| (က) | ဦးနေထီးရိုး<br>ဒုတိယဦးစီးမှူး (ငြိမ်း)<br>သမဝါယမဦးစီးဌာန၊ ချင်းပြည်နယ် | ဥက္ကဋ္ဌ |
| (ခ) | ဦးဒင်ခေါဇမ်း<br>စာရေးကြီး (ငြိမ်း)၊ သမဝါယမဦးစီးဌာန | အဖွဲ့ဝင် |
| (ဂ) | ဦးချွဲဘူ<br>ကုန်သည် | အဖွဲ့ဝင် |
| (ဃ) | ဦးကောလ်လွယ်<br>မန်နေဂျာ (ငြိမ်း)၊ အစိုးရဝန်ထမ်းပေါင်းစုံသမအသင်း | အဖွဲ့ဝင် |

| စဉ် | အမည်၊ ရာထူး၊ ဌာန | တာဝန် |
|---|---|---|
| (င) | ဦးထွေးထန်<br>အငယ်တန်းစာရေး (ငြိမ်း)၊<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (စ) | ဦးကီးတမ်<br>တရားလွှတ်တော်ရှေ့နေ (ငြိမ်း) | အဖွဲ့ဝင် |
| (ဆ) | ဦးဗန်ကျင်း<br>ပညာရေးဌာန (ငြိမ်း) | အဖွဲ့ဝင် |
| (ဇ) | ဦးဟုန်းကီး<br>ဒုတိယညွှန်ကြားရေးမှူး<br>အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ ချင်းပြည်နယ် | အဖွဲ့ဝင် |
| (ဈ) | ဦးရှန်မန်း<br>ပညာရေးဌာန (ငြိမ်း) | အဖွဲ့ဝင် |
| (ည) | ဦးချန်ပုမ်း<br>တရားလွှတ်တော်ရှေ့နေ (ငြိမ်း) | အဖွဲ့ဝင် |
| (ဋ) | ဦးစောနိုင်<br>ဦးစီးအရာရှိ<br>အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာန<br>ချင်းပြည်နယ် | အတွင်းရေးမှူး |

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၅၁/၂၀၁၇)

၂၀၁၇ ခုနှစ်၊ ဧပြီလ ၄ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၆/၂၀၁၇) မှ သဘောတူညီချက်ဖြင့် အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေ ပုဒ်မ ၁၆ နှင့် ပုဒ်မ ၁၇ တို့အရ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့ အင်အားဝန်ကြီးဌာနသည် အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရန်အတွက် မွန်ပြည်နယ် အငြင်းပွားမှု ဖြေရှင်းရေး ခုံသမာဓိအဖွဲ့အား အောက်ပါပုဂ္ဂိုလ်များဖြင့် အသစ်ပြန်လည်ဖွဲ့စည်း တာဝန်ပေးအပ်လိုက်သည်-

| စဉ် | အမည်၊ ရာထူး၊ ဌာန | တာဝန် |
|---|---|---|
| (က) | ဦးတင်လှိုင်<br>ဥပဒေအရာရှိ (ငြိမ်း) | ဥက္ကဋ္ဌ |
| (ခ) | ဦးစိန်မြင့်<br>ပိုင်ရှင်၊ ဦးစိန်မြင့်တွင်ခုံ | အဖွဲ့ဝင် |
| (ဂ) | ဒေါ်ယမင်း<br>မန်နေဂျာ၊ ရွှေမြင့်မိုရ်ထွန်းဟိုတယ် | အဖွဲ့ဝင် |
| (ဃ) | ဦးစိုးဝင်း<br>မန်နေဂျာ၊ လင်းရောင်နီအအေးခန်း | အဖွဲ့ဝင် |

| စဉ် | အမည်၊ ရာထူး၊ ဌာန | တာဝန် |
|---|---|---|
| (င) | ဒေါ်ခင်ခင်ချို<br>ကုန်ကြမ်းလုပ်သားခေါင်းဆောင်<br>ငါး၊ ပုစွန်၊ အအေးခန်းစက်ရုံ<br>မော်လမြိုင်ဟိုးလ်ဒင်းလီမိတက် | အဖွဲ့ဝင် |
| (စ) | ဦးမင်းလွင်မိုး<br>အလုပ်သမားခေါင်းဆောင်<br>ရွှေမွန်မုန့်လုပ်ငန်း | အဖွဲ့ဝင် |
| (ဆ) | ဦးခွန်မောင်ထွန်း<br>ကြီးကြပ်ရေးမှူး၊<br>ကမ္ဘောဇဘဏ်လီမိတက်<br>မော်လမြိုင်ဘဏ်ခွဲ (၂) | အဖွဲ့ဝင် |
| (ဇ) | ဒေါ်မြတ်မြတ်ထွေး<br>ညွှန်ကြားရေးမှူး<br>အလုပ်သမားညွှန်ကြားရေးဦးစီးဌာန<br>မွန်ပြည်နယ်၊ မော်လမြိုင်မြို့ | အဖွဲ့ဝင် |
| (ဈ) | ဦးမြင့်ဝေ<br>လက်ထောက်ညွှန်ကြားရေးမှူး (ငြိမ်း)<br>အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ည) | ဦးသန်းမြင့်<br>ဦးစီးအရာရှိ (ငြိမ်း)<br>ကုန်တင်ကုန်ချ | အဖွဲ့ဝင် |
| (ဋ) | ဒေါ်ဝင်းမာဦး<br>ဒုတိယညွှန်ကြားရေးမှူး<br>အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာန<br>မွန်ပြည်နယ်၊ မော်လမြိုင်မြို့ | အတွင်းရေးမှူး |

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၅၂/၂၀၁၇)

၂၀၁၇ ခုနှစ်၊ ဧပြီလ ၄ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၆/၂၀၁၇) မှ သဘောတူညီချက်ဖြင့် အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေ ပုဒ်မ ၁၆ နှင့် ပုဒ်မ ၁၇ တို့အရ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့ အင်အားဝန်ကြီးဌာနသည် အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရန်အတွက် ရှမ်းပြည်နယ် အငြင်းပွားမှု ဖြေရှင်းရေး ခုံသမာဓိအဖွဲ့အား အောက်ပါပုဂ္ဂိုလ်များဖြင့် အသစ်ပြန်လည်ဖွဲ့စည်း တာဝန်ပေးအပ်လိုက်သည်-

| စဉ် | အမည်၊ ရာထူး၊ ဌာန | တာဝန် |
|---|---|---|
| (က) | ဦးမောင်မောင်<br>ပြည်နယ်ဥပဒေအရာရှိ (ငြိမ်း)<br>ရှမ်းပြည်နယ်ဥပဒေချုပ်ရုံး၊ တောင်ကြီးမြို့ | ဥက္ကဋ္ဌ |
| (ခ) | ဦးမြင့်သိန်း<br>ဒါရိုက်တာ၊ Dragon Cement Co., Ltd. (တီကျစ်) | အဖွဲ့ဝင် |

| စဉ် | အမည်၊ ရာထူး၊ ဌာန | တာဝန် |
|---|---|---|
| (ဂ) | ဦးသန်းမောင်<br>အတွင်းရေးမှူး၊ ကုန်သည်များနှင့်စက်မှုလက်မှု<br>လုပ်ငန်းရှင်များအသင်း၊ တောင်ကြီးမြို့ | အဖွဲ့ဝင် |
| (ဃ) | ဦးဝင်းဇော်<br>မန်နေဂျာ၊ ကမ္ဘာ့ဖလားဖယောင်းတိုင်လုပ်ငန်း<br>တောင်ကြီးမြို့ | အဖွဲ့ဝင် |
| (င) | ဦးမြင့်ဦး<br>စက်မှုကျွမ်းကျင် (၅)<br>ဝင်းမြင့်မိုရ်စက်မှုလုပ်ငန်းကုမ္ပဏီလီမိတက်<br>ရှမ်းပြည်နယ်မြောက်ပိုင်း | အဖွဲ့ဝင် |
| (စ) | ဒေါ်ခင်လေးဖြူ<br>တောင်သူ၊ ရွာငံမြို့နယ်၊ ရှမ်းပြည်နယ်တောင်ပိုင်း | အဖွဲ့ဝင် |
| (ဆ) | ဦးထွန်းအောင်<br>တောင်သူ၊ နောင်ချိုမြို့နယ်၊ ရှမ်းပြည်နယ်မြောက်ပိုင်း | အဖွဲ့ဝင် |
| (ဇ) | ဒေါ်အေးကြင်<br>လက်ထောက်ညွှန်ကြားရေးမှူး<br>ရှမ်းပြည်နယ်၊ လူမှုဖူလုံရေးအဖွဲ့<br>တောင်ကြီးမြို့ | အဖွဲ့ဝင် |
| (ဈ) | ဦးထွန်းအောင်<br>အုပ်ချုပ်ရေးမှူး (ငြိမ်း)၊ တောင်ကြီးခရိုင်<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ တောင်ကြီးမြို့ | အဖွဲ့ဝင် |
| (ည) | ဒေါ်သီသီအောင်<br>ဒါရိုက်တာ၊ နေဝန်းရောင်ခြည်သတ္တုတူးဖော်ရေးကုမ္ပဏီ<br>တောင်ကြီးမြို့ | အဖွဲ့ဝင် |
| (ဋ) | ဒေါ်မြင့်မြင့်သင်း<br>ဒုတိယညွှန်ကြားရေးမှူး<br>အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာန<br>ရှမ်းပြည်နယ်၊ တောင်ကြီးမြို့ | အတွင်းရေးမှူး |

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၅၃/၂၀၁၇)**

၂၀၁၇ ခုနှစ်၊ ဧပြီလ ၄ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၆/၂၀၁၇) မှ သဘောတူညီချက်ဖြင့် အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေ ပုဒ်မ ၁၆ နှင့် ပုဒ်မ ၁၇ တို့အရ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့ အင်အားဝန်ကြီးဌာနသည် အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရန်အတွက် ဧရာဝတီတိုင်းဒေသကြီး

အငြင်းပွားမှုဖြေရှင်းရေး ခုံသမာဓိအဖွဲ့အား အောက်ပါပုဂ္ဂိုလ်များဖြင့် အသစ်ပြန်လည်ဖွဲ့စည်း တာဝန်ပေးအပ်လိုက်သည် -

| စဉ် | အမည်၊ ရာထူး၊ ဌာန | တာဝန် |
|---|---|---|
| (က) | ဒေါက်တာလှမြတ်သွေး<br>လူမှုရေးဝန်ကြီး<br>ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ | ဥက္ကဋ္ဌ |
| (ခ) | ဦးမြင့်ထွန်း<br>လုပ်ငန်းရှင်၊ သင်္ဘောလုပ်ငန်း | အဖွဲ့ဝင် |
| (ဂ) | ဦးဝင်းအောင်သက်<br>လုပ်ငန်းရှင်၊ မြင့်မြန်မာခရီးသွားလုပ်ငန်း | အဖွဲ့ဝင် |
| (ဃ) | ဦးခင်ထွန်း<br>လုပ်ငန်းရှင်၊ သင်္ဘောပြေးဆွဲခြင်းလုပ်ငန်း | အဖွဲ့ဝင် |
| (င) | ဦးမြင့်ထွန်း<br>အဖွဲ့ဝင်၊ တောင်သူလယ်သမားနှင့်စိုက်ပျိုးရေး<br>လုပ်သားများအခြေခံအဖွဲ့၊ အင်္ဂပူမြို့နယ် | အဖွဲ့ဝင် |
| (စ) | ဒေါက်တာစိုးမိုးအောင်<br>ဥက္ကဋ္ဌ၊ ရွှေဧရာလွန်ဆေး<br>အခြေခံအဖွဲ့အစည်း၊ လေးမျက်နှာမြို့နယ် | အဖွဲ့ဝင် |
| (ဆ) | ဦးမောင်မောင်ဟန်<br>ကြေးနန်းဆက်သွယ်ရေး (၃)၊ ကြေးနန်းဆက်သွယ်ရေးဌာန<br>မြန်အောင်ရေနံမြေ | အဖွဲ့ဝင် |
| (ဇ) | ဒေါ်အေးအေးမိုး<br>ညွှန်ကြားရေးမှူး<br>အလုပ်သမားညွှန်ကြားရေးဦးစီးဌာန<br>ဧရာဝတီတိုင်းဒေသကြီး | အဖွဲ့ဝင် |
| (ဈ) | ဦးစိုးလှိုင်ဦး<br>ဖွံ့ဖြိုးရေးဘဏ် (ငြိမ်း) | အဖွဲ့ဝင် |
| (ည) | ဦးဝင်းမြင့် (ခ) ဦးမျိုးထွန်း<br>တိုင်းအုပ်ချုပ်ရေးမှူး (ငြိမ်း)<br>တိုင်းအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဋ) | ဒေါ်ဥမ္မာရှိန်<br>လက်ထောက်ညွှန်ကြားရေးမှူး<br>အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာန<br>ဧရာဝတီတိုင်းဒေသကြီး | အတွင်းရေးမှူး |

ဦးသိန်းဆွေ၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် ၂၇/၂၀၁၇**

၁၃၇၈ ခုနှစ်၊ တန်ခူးလဆန်း ၁၄ ရက်

(၂၀၁၇ ခုနှစ်၊ ဧပြီလ ၁၀ ရက်)

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနမှ ဦးစီးအရာရှိ ဦးလှစိုး [၁၄/ပသန (နိုင်) ၁၆၁၃၃၄] အား ယင်းဌာနတွင်လစ်လပ်လျက်ရှိသည့် လက်ထောက်ညွှန်ကြားရေးမှူး လစာနှုန်း (၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀) ရာထူးသို့ ၂၀၁၇ ခုနှစ်၊ ဧပြီလ ၆ ရက်နေ့မှစတင်၍ တိုးမြှင့်ခန့်ထားလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် ၂၈/၂၀၁၇**

၁၃၇၉ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၄ ရက်

(၂၀၁၇ ခုနှစ်၊ ဧပြီလ ၂၅ ရက်)

၁။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ဝန်ကြီးရုံးနှင့် ဦးစီးဌာနများ၏ လုပ်ငန်းများ ဆောင်ရွက်ရာတွင် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများနှင့် ညီညွတ်စေရေး စိစစ်၊ ပေါင်းစပ်၊ ညှိနှိုင်း၊ ဆုံးဖြတ်မှုများပြုလုပ်နိုင်ရန်နှင့် ခေတ်စနစ်လုပ်ထုံးလုပ်နည်းနှင့်အညီ အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန **စီမံခန့်ခွဲရေးကော်မတီ** ကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည် -

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယဝန်ကြီး<br>စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ညွှန်ကြားရေးမှူးချုပ်<br>ကုန်သွယ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဃ) | ညွှန်ကြားရေးမှူးချုပ်<br>စားသုံးသူရေးရာဦးစီးဌာန | အဖွဲ့ဝင် |
| (င) | ညွှန်ကြားရေးမှူးချုပ်<br>မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ | အဖွဲ့ဝင် |
| (စ) | အမြဲတမ်းအတွင်းဝန် | အတွင်းရေးမှူး |
| (ဆ) | ဒုတိယအမြဲတမ်းအတွင်းဝန် | တွဲဖက်အတွင်းရေးမှူး |

၂။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) ဝန်ကြီးရုံးနှင့် ဦးစီးဌာနများတွင် ဝန်ထမ်းများခန့်အပ်ခြင်း၊ ရာထူးတိုးမြှင့်ခြင်း၊ ပြောင်းရွှေ့ခြင်း၊ နုတ်ထွက်ခြင်း၊ အငြိမ်းစားယူခြင်း၊ အပြစ်ပေးအရေးယူခြင်းဆိုင်ရာ ကိစ္စရပ်များနှင့် ဝန်ထမ်းများ၏ သက်သာချောင်ချိရေးဆိုင်ရာလုပ်ငန်းကိစ္စရပ်များကို ကော်မတီသို့ တင်ပြစေ၍ ကော်မတီ၏ ဆုံးဖြတ်ချက်ဖြင့် ဆောင်ရွက်နိုင်စေရန်။

( ခ ) နိုင်ငံတော်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာလုပ်ငန်းများ၊ ဝန်ကြီးဌာန ရန်ပုံငွေမှ သုံးစွဲဆောင်ရွက်ရမည့် လုပ်ငန်းရပ်များ၊ အဆောက်အဦဆောက်လုပ်ခြင်း၊ ပြည်တွင်း/ပြည်ပမှ ပစ္စည်းများဝယ်ယူခြင်းကိစ္စရပ်များတွင် ဈေးနှုန်းများ စိစစ်ခြင်းနှင့်ရသုံးမှန်းခြေငွေစာရင်းအရ အသုံးစရိတ်များကျခံခြင်းနှင့်ပတ်သက်ပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ညီညွတ်စေရေး ကြပ်မတ်ရန်။

( ဂ ) ဝန်ကြီးဌာနတွင်း ငွေကြေးသုံးစွဲမှုများကို အသေးစိတ်စိစစ်၍ ဘဏ္ဍာရေးနှစ် လျာထားချက်ဘောင်အတွင်း ထိန်းချုပ်သုံးစွဲရေးအတွက် ကြပ်မတ်ဆောင်ရွက်ရန်။

( ဃ ) နိုင်ငံခြားတိုင်းပြည်နှင့် ဆက်သွယ်ဆောင်ရွက်ရသောကိစ္စရပ်များ၊ နိုင်ငံခြားငွေသုံးစွဲမှုနှင့် အကျုံးဝင်သောကိစ္စရပ်များ၊ နိုင်ငံခြားတိုင်းပြည်များသို့ သင်တန်း၊ ဆွေးနွေးပွဲနှင့် ပညာသင်စေလွှတ်ခြင်းကိစ္စရပ်များအပေါ် စိစစ်ကြပ်မတ် ဆောင်ရွက်ရန်။

( င ) ဝန်ကြီးဌာနပိုင် မြေ၊ အဆောက်အဦ၊ အိမ်ရာများလွှဲပြောင်းပေးခြင်း၊ လေလံတင်ထုခွဲရောင်းချခြင်း၊ ငှားရမ်းခြင်းကိစ္စရပ်များကို ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်း၊ ညွှန်ကြားချက်များနှင့်အညီ ကြပ်မတ်ဆောင်ရွက်ရန်။

( စ ) နိုင်ငံတော်အကြီးအကဲများ၏ ခရီးစဉ် ညွှန်ကြားချက်များအပေါ် ဆောင်ရွက်ရမည့်လုပ်ငန်းများ၊ ပေးအပ်သည့် တာဝန်များကို ဆောင်ရွက်ခြင်း၊ မမျှော်လင့်နိုင်သော သဘာဝဘေးအန္တရာယ်များကျရောက်ပါက ဆောင်ရွက်ရမည့် လုပ်ငန်းများကို ကြပ်မတ်ဆောင်ရွက်ခြင်းနှင့် အထွေထွေကိစ္စရပ်များအပေါ် စိစစ်ဆုံးဖြတ်ခြင်း။

၃။ ၂၀၁၆ ခုနှစ်၊ ဧပြီလ ၂၀ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၃၆/၂၀၁၆ ဖြင့် ဖွဲ့စည်းထားခဲ့သော စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီအား ဤအမိန့်ကြော်ငြာစာနှင့်အတူ လွှမ်းမိုးပယ်ဖျက်လိုက်သည်။

(ပုံ) ဒေါက်တာသန်းမြင့်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ပညာရေးဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၀၅၄/၂၀၁၇)**

၁၃၇၈ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၂ ရက်

(၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်)

၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော ပညာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၃/၂၀၁၇) အစီအစဉ် (၁၁) ၌ ဆုံးဖြတ်ချက်အရ အဆင့်မြင့်ပညာဦးစီးဌာနအောက်ရှိ မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ် ဒေါက်တာလှိုင်ဝေဝေလှ အား ၂၀၁၇ ခုနှစ်၊ မတ်လ ၈ ရက်နေ့မှစ၍ ကြိုတင်ပြင်ဆင်ခွင့် (၄) လ ခံစားခွင့်ပြုပြီး ခွင့်ရက်များကုန်ဆုံးမည့် ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၈ ရက်နေ့ နံနက်ပိုင်းမှစ၍ သက်ပြည့်အငြိမ်းစားယူခွင့်ပြုလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၀၅၆/၂၀၁၇)**

၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော ပညာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၃/၂၀၁၇) အစီအစဉ် (၁၀) ၌ ဆုံးဖြတ်ချက်အရ အဆင့်မြင့်ပညာ

ဦးစီးဌာနအောက်ရှိ ကျောက်ဖြူပညာရေးကောလိပ်မှ ကျောင်းအုပ်ကြီး ဦးကျော်ဝေ အား အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို အများပြည်သူအကျိုးငှာ ငြင်းပယ်ပြီးနောက် ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၂၀ ရက်နေ့မှစ၍ ငြင်းပယ်ခွင့် (၄) လကို ခံစားခွင့်ပြုလိုက်သည်။

ခွင့်ရက်များကုန်ဆုံးပြီးနောက် ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်း နည်းဥပဒေများ အခန်း (၂၁)၊ အပိုဒ် (၂၃၃) (က) အရ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

## (ဝန်ကြီးရုံး)

အမှတ် ၁။ ။ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော ပညာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၃/၂၀၁၇) အစီအစဉ် (၁၂) ၌ ဆုံးဖြတ်ချက်အရ အဆင့်မြင့်ပညာ ဦးစီးဌာနအောက်ရှိ ကသာပညာရေးကောလိပ်မှ ဒုတိယကျောင်းအုပ်ကြီး ဦးဇော်ဝင်း အား ၂၀၁၇ ခုနှစ်၊ မတ်လ ၄ ရက်နေ့မှစ၍ ကြိုတင်ပြင်ဆင်ခွင့် (၄) လ ခံစားခွင့်ပြုပြီး ခွင့်ရက်များကုန်ဆုံးမည့် ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၄ ရက်နေ့ နံနက်ပိုင်းမှစ၍ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

ဒေါက်တာမျိုးသိမ်းကြီး၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ပညာရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၁၇)

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၄ ရက်
(၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက်)

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာန၊ ချင်းပြည်နယ် အားကစားနှင့် ကာယပညာဦးစီးဌာန၊ ပြည်နယ်ရုံးတွင် အစမ်းတိုးမြှင့်ခန့်ထားသော ဒုတိယညွှန်ကြားရေးမှူး ဦးဇိုပါမောင် အား အစမ်းခန့်ကာလ (၆) လပြည့်မြောက်သည့် ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၂၁ ရက်နေ့မှစ၍ ဒုတိယညွှန်ကြားရေးမှူး လစာနှုန်း (၃၁၀,၀၀၀-၄,၀၀၀-၃၃၀,၀၀၀) ရာထူးတွင် အတည်ပြုခန့်ထားလိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၅/၂၀၁၇)

နေပြည်တော်၊ ၁၃၇၉ ခုနှစ်၊ ကဆုန်လဆန်း ၁ ရက်
(၂၀၁၇ ခုနှစ်၊ ဧပြီလ ၂၆ ရက်)

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ရှမ်းပြည်နယ်၊ လားရှိုးခရိုင် အားကစားနှင့်ကာယပညာ ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး လစာနှုန်း (၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀) ဒေါ်နန်းအေးခင် ၏ ၂၀၁၇ ခုနှစ်၊ မေလ ၂ ရက်နေ့ နံနက်ပိုင်းမှစ၍ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လ ခံစားခွင့် ပြုပါရန် လျှောက်ထားခြင်းကို နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ (၂၂) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ (၈၁) တို့အရ အများပြည်သူအကျိုးငှာ ငြင်းပယ်လိုက်သည်။

ငြင်းပယ်ခဲ့သော အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၂ ရက်နေ့ နံနက်ပိုင်းမှစ၍ ခံစားခွင့်ပြုပြီးနောက် ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက်နေ့

နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆၊ ပုဒ်မခွဲ (က) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) တို့အရ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် ၁၃/၂၀၁၇

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ တပေါင်းလဆန်း ၂ ရက်

(၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်)

၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၃/၂၀၁၇) မှ သဘောတူညီချက်အရ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ ဆေးတက္ကသိုလ် (၂) ရန်ကုန်၊ အပူပိုင်း/ကူးစက်ရောဂါပညာဌာနမှ အငြိမ်းစားပါမောက္ခ/ဌာနမှူး ပါမောက္ခ ဒေါက်တာဦးထင်အောင်စော အား ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်နေ့ နံနက်ပိုင်းမှစ၍ ကျွမ်းကျင်သူအဖြစ် (လစဉ်ထောက်ပံ့ငွေ ၂၅၀,၀၀၀/-) ဖြင့် တစ်နှစ်တာဝန်ပေးခန့်ထားလိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၁၅/၂၀၁၇)

၁၃၇၈ ခုနှစ်၊ တပေါင်းလဆန်း ၄ ရက်

(၂၀၁၇ ခုနှစ်၊ မတ်လ ၁ ရက်)

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ပြည်သူလူထုအခြေပြု ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် အားကစားအဆင့်မြှင့်တင်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရန် ရက် (၁၀၀) စီမံချက်၊ (၆) လစီမံချက်၊ တစ်နှစ်စီမံချက်၊ နှစ်ရှည်စီမံချက်လုပ်ငန်းစဉ်များကို အများပြည်သူ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်စေရေးနှင့် သတင်းထုတ်ပြန်နိုင်ရေးအတွက် **"ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြောရေးဆိုခွင့်နှင့် သတင်းထုတ်ပြန်ရေးအဖွဲ့"** ကို အောက်ပါအတိုင်း ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်-

| | | |
|---|---|---|
| (က) | ပါမောက္ခဒေါက်တာသက်ခိုင်ဝင်း<br>အမြဲတမ်းအတွင်းဝန် | အဖွဲ့ခေါင်းဆောင် |
| (ခ) | ဦးကျော်စိုး<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>တိုင်းရင်းဆေးပညာဦးစီးဌာန | အဖွဲ့ဝင် |
| (ဂ) | ဒေါက်တာသူဇာချစ်တင်<br>ညွှန်ကြားရေးမှူး (အခြေခံကျန်းမာ)<br>ပြည်သူ့ကျန်းမာရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဒေါက်တာမိုးခိုင်<br>ညွှန်ကြားရေးမှူး (ကုသရေး)<br>ကုသရေးဦးစီးဌာန | အဖွဲ့ဝင် |
| (င) | ဒေါက်တာကျော်ခိုင်ဦး<br>ညွှန်ကြားရေးမှူး (ဝန်ထမ်းရေးရာ)<br>ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန | အဖွဲ့ဝင် |
| (စ) | ဒေါက်တာတင်ဦး<br>ညွှန်ကြားရေးမှူး (အထွေထွေစီမံခန့်ခွဲရေး)<br>ဆေးသုတေသနဦးစီးဌာန | အဖွဲ့ဝင် |
| (ဆ) | ဒေါက်တာသီဂီဇင်<br>ညွှန်ကြားရေးမှူး (ဆေးဝါး)<br>အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန | အဖွဲ့ဝင် |

(ဇ) ဦးဌေးအောင် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
အားကစားနှင့်ကာယပညာဦးစီးဌာန

(ဈ) ဒေါက်တာဖြူဖြူအေး — အတွင်းရေးမှူး
ညွှန်ကြားရေးမှူး (ကျန်းမာ/ပညာ)
ပြည်သူ့ကျန်းမာရေးဦးစီးဌာန

၂။ ပြောရေးဆိုခွင့်နှင့် သတင်းထုတ်ပြန်ရေးအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ပြည်သူလူထုအခြေပြု ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍတို့၏ ဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲ လုပ်ငန်းစဉ်များ၊ ဆောင်ရွက်မှုများကို ပြည်သူလူထုစိတ်ဝင်စားလာစေရန်အတွက် မှန်ကန်ပြီး အကျိုးရှိမည့်သတင်းများ၊ စာရင်းဇယားများကို လက်ဦးမှုရှိအောင် လိုအပ်သလိုစီစဉ်ထုတ်ပြန်ပေးရန်၊

(ခ) မီဒီယာလုပ်ငန်းများ၌ ဆက်သွယ်ပူးပေါင်းဆောင်ရွက်နိုင်ရန် ကျန်းမာရေးနှင့်အားကစားဝန်ကြီး ဌာနမှ ထုတ်ပြန်သင့်သည့် သတင်းအချက်အလက်များကို နိုင်ငံတော်အဆင့် ပြောရေးဆိုခွင့်နှင့် သတင်းထုတ်ပြန်ရေးအဖွဲ့သို့ အချိန်နှင့်တစ်ပြေးညီ တင်ပြပေးရန်၊

(ဂ) ပြည်တွင်း/ပြည်ပမှ သီးခြားဆက်သွယ်မေးမြန်းလာသော ကျန်းမာရေးနှင့်အားကစားကဏ္ဍဆိုင်ရာ ဆောင်ရွက်မှုများအား လိုအပ်သလို စီစဉ်ပြန်လည်ဖြေကြားရန်၊

(ဃ) အခြားသတင်းထုတ်ပြန်သင့်သည်များကို အချိန်နှင့်တစ်ပြေးညီထုတ်ပြန်ရေး စီစဉ်ဆောင်ရွက်ရန်။

၁၃၇၈ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၂ ရက်
(၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်)

အမှတ် ၂၈ ။ ။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒုတိယ ညွှန်ကြားရေးမှူးချုပ် (ရောဂါနှိမ်နင်းရေး) (ညွှန်ကြားရေးမှူးချုပ်တာဝန်တွဲဖက်) ဒေါက်တာသန်းဝင်း (ဆမ-၈၈၇၁) ၏ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လ ခံစားခွင့်ပြုပါရန် လျှောက်ထားခြင်းအား နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၂၂ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၈၁ တို့အရ အများပြည်သူ အကျိုးငှာ ငြင်းပယ်လိုက်သည်။

အမှတ် ၂၉ ။ ။ ထိုသို့ ငြင်းပယ်ခဲ့သည့် ကြိုတင်ပြင်ဆင်ခွင့် (၄) လကို အသက် (၆၀) နှစ်ပြည့်သည့် ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၅ ရက်နေ့မှစတင် ခံစားခွင့်ပြုပြီး ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၅ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆၊ ပုဒ်မခွဲ (က) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) တို့အရ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

၁၃၇၈ ခုနှစ်၊ တပေါင်းလဆန်း ၂ ရက်
(၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်)

အမှတ် ၃၀ ။ ။ တိုင်းရင်းဆေးပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူး လစာနှုန်း (၃၄၀,၀၀၀-၄,၀၀၀-၃၆၀,၀၀၀) ဒေါက်တာချိုချို (ကုသရေးဦးစီးဌာန၊ ခုတင် (၁၀၀၀)၊ နေပြည်တော်ပြည်သူ့ဆေးရုံကြီးမှ ပါမောက္ခအင်အားကို အသုံးပြု၍ ခန့်ထားခြင်း) အား နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများအပိုဒ် (၈၈) နှင့် (၈၉) တို့အရ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက်နေ့နံနက်ပိုင်းမှစ၍ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ပျမ်းမျှလစာဖြင့် ခံစားခွင့်ပြုလိုက်သည်။

အမှတ် ၃၁ ။ ။ တိုင်းရင်းဆေးပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူး လစာနှုန်း (၃၄၀,၀၀၀-၄,၀၀၀-၃၆၀,၀၀၀) ဒေါက်တာချိုချို (ကုသရေးဦးစီးဌာန၊ ခုတင် (၁၀၀၀)၊ နေပြည်တော်ပြည်သူ့ဆေးရုံကြီးမှ ပါမောက္ခအင်အားကို အသုံးပြု၍ ခန့်ထားခြင်း) အား အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့်များ ကုန်ဆုံးသည့် ၂၀၁၇ ခုနှစ်၊ ဇွန်လ ၆ ရက်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) အရ သက်ပြည့်ပင်စင် ခံစားခွင့်ပြုလိုက်သည်။

၁၃၇၈ ခုနှစ်၊ တန်ခူးလဆန်း ၁၄ ရက်
(၂၀၁၇ ခုနှစ်၊ ဧပြီလ ၁၀ ရက်)

အမှတ် ၃၂။ ။ ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၂ ရက်နေ့တွင် ကျင်းပပြုလုပ်သော ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီညှိနှိုင်းအစည်းအဝေးအမှတ်စဉ် (၆/၂၀၁၆) နှင့် ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ အစည်းအဝေးအမှတ်စဉ် (၂၀/၂၀၁၆) တို့၏ သဘောတူဆုံးဖြတ်ချက်အရ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် (မန္တလေး)၊ သွားရောဂါကု ဆေးပညာဌာနမှ အောက်ဖော်ပြပါ သွားတုကျွမ်းကျင် (၂) လစာနှုန်း (၁၈၀,၀၀၀-၂,၀၀၀-၁၉၀,၀၀၀) အား အလုပ်တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ အမည်နှင့် ယှဉ်တွဲဖော်ပြပါအတိုင်း ဦးစီးအရာရှိ (သွားတု) လစာနှုန်း (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) အဖြစ် ရာထူး တိုးမြှင့်ပြောင်းရွှေ့ခန့်ထားလိုက်သည်-

| စဉ် | အမည်/ရာထူး/ဌာန/တက္ကသိုလ် | တိုးမြှင့်ပြောင်းရွှေ့ခန့်ထားသည့်ရာထူး/ဌာန/တက္ကသိုလ် |
|---|---|---|
| ၁။ | ဒေါ်လှမြတ်မူ<br>သွားတုကျွမ်းကျင် (၂)<br>သွားရောဂါကုဆေးပညာဌာန<br>သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(မန္တလေး) | ဦးစီးအရာရှိ (သွားတု)<br>သွားတုဆေးပညာဌာန<br><br>သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်) |

မှတ်ချက် ။ ရာထူးတိုးမြှင့်ပြောင်းရွှေ့ခန့်ထားခြင်းခံရသည့် ဦးစီးအရာရှိ (သွားတု) သည် ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်နှင့် သက်ဆိုင်ရာဌာနအကြီးအကဲထံ တွေ့ဆုံသတင်းပို့ရန်နှင့် ပြောင်းရွှေ့တာဝန်ချထားသည့် အမိန့်စာထွက်ပြီး သတ်မှတ်ရက်အတွင်း **(သတ်မှတ်ရက်အတွင်း)** အလုပ်တာဝန်များ လွှဲပြောင်းလက်ခံပြီး ပြောင်းရွှေ့ ထမ်းဆောင်စေရန်ဖြစ်သည်။

အမှတ် ၃၃ ။ ။ တိုင်းရင်းဆေးပညာဦးစီးဌာန၊ ပြည်ထောင်စုနယ်မြေ၊ ခုတင် (၁၀၀) ဆံ့ တိုင်းရင်းဆေးရုံ နေပြည်တော်မှ ဆေးရုံအုပ်ကြီး လစာနှုန်း (၃၁၀,၀၀၀-၄,၀၀၀-၃၃၀,၀၀၀) ဦးဝေဝင်း (တဆ-၇၄၃) အား သက်ပြည့်အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်နေ့မှစ၍ ခံစားခွင့်ပြုပါရန် လျှောက်ထားလာခြင်းအား အများပြည်သူအကျိုးငှာ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေအပိုဒ် (၈၁) အရ ငြင်းပယ်လိုက်သည်။

အမှတ် ၃၄ ။ ။ ဆေးရုံအုပ်ကြီး ဦးဝေဝင်း (တဆ-၇၄၃) အား ၂၀၁၇ ခုနှစ်၊ မတ်လ ၉ ရက်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေပုဒ်မ (၅၆) (က) အရ သက်ပြည့်ပင်စင် ခံစားခွင့်ပြုလိုက်သည်။

အမှတ် ၃၅ ။ ။ ၂၀၁၇ ခုနှစ်၊ မတ်လ ၉ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၅/၂၀၁၇) မှ သဘောတူညီချက်အရ ဆေးရုံအုပ်ကြီး ဦးဝေဝင်း အား ၂၀၁၇ ခုနှစ်၊ မတ်လ ၉ ရက်နေ့မှစ၍ ကျွမ်းကျင်သူအဖြစ် (လစဉ်ထောက်ပံ့ငွေ ၂၅၀,၀၀၀/- ဖြင့်) တစ်နှစ်ခန့်ထားခြင်းကြောင့်လည်းကောင်း၊ အငြိမ်းစားမယူမီခံစားခွင့်မပြုဘဲ ငြင်းပယ် ခဲ့သော ၂၀၁၇ ခုနှစ်၊ မတ်လ ၉ ရက်နေ့မှ ၂၀၁၇ ခုနှစ်၊ ဇွန်လ ၁၂ ရက်နေ့ထိ ကာလအတွက် ခွင့်လစာများကို နိုင်ငံ့ဝန်ထမ်းနည်းဥပဒေအပိုဒ် (၈၂) အရ တစ်လုံးတစ်ခဲတည်း ထုတ်ယူခံစားခွင့်ပြုလိုက်သည်။

အမှတ် ၃၆ ။ ။ ဤဦးစီးဌာန၏ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက်စွဲပါ စာအမှတ် တဆပ/၀ထ (၂-၅)/၂၀၁၆ (၂၄၉၆) ဖြင့် ထုတ်ပြန်ခဲ့သောအမိန့်စာကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းခြုံပယ်ဖျက်လိုက်သည်။

ဒေါက်တာမြင့်ထွေး၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် ၃၉/၂၀၁၇**

နေပြည်တော်၊ ၁၃၇၉ ခုနှစ်၊ ကဆုန်လဆန်း ၁ ရက်

(၂၀၁၇ ခုနှစ်၊ ဧပြီလ ၂၆ ရက်)

၂၀၁၇ ခုနှစ်၊ ဧပြီလ ၂၅ ရက်နေ့တွင် ကျင်းပပြုလုပ်သော စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ (၁/၂၀၁၇-၂၀၁၈) ကြိမ်မြောက် အစည်းအဝေး၏ သဘောတူခွင့်ပြုချက်အရ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး လစာနှုန်း (၃၁၀,၀၀၀-၄,၀၀၀-၃၃၀,၀၀၀) ဦးအေးကျော် အား ညွှန်ကြားရေးမှူး လစာနှုန်း (၃၄၀,၀၀၀-၄,၀၀၀-၃၆၀,၀၀၀) ရာထူးနေရာသို့ ၂၀၁၇ ခုနှစ်၊ ဧပြီလ ၂၆ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် ၄၀/၂၀၁၇**

၂၀၁၇ ခုနှစ်၊ ဧပြီလ ၂၅ ရက်နေ့တွင် ကျင်းပပြုလုပ်သော စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ (၁/၂၀၁၇-၂၀၁၈) ကြိမ်မြောက် အစည်းအဝေး၏ သဘောတူခွင့်ပြုချက်အရ စီမံကိန်းရေးဆွဲရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်မြင့်မြင့်ဝေသည် ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက်နေ့တွင် အသက် (၆၀) ပြည့်မည်ဖြစ်ရာ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ အပိုဒ် ၈၁ အရ ၂၀၁၇ ခုနှစ်၊ မေလ ၂၅ ရက်နေ့မှ ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက်နေ့အထိ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ပျမ်းမျှလစာဖြင့် ခံစားခွင့်ပြုပြီး၊ ခွင့်ရက်များ ကုန်ဆုံးပြီးနောက် ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆ (က) အရ ပြည်သူ့ဝန်ထမ်းအဖြစ်မှ သက်ပြည့်ပင်စင် ခံစားခွင့်ပြုလိုက်သည်။

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် ၄၁/၂၀၁၇**

နေပြည်တော်၊ ၁၃၇၉ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၃ ရက်

(၂၀၁၇ ခုနှစ်၊ ဧပြီလ ၂၄ ရက်)

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်မှ လက်ထောက်အထွေထွေမန်နေဂျာ လစာနှုန်း (၃၁၀,၀၀၀-၄,၀၀၀-၃၃၀,၀၀၀) ဦးကျင်သိန်း အား မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်တွင် လစ်လပ်လျက်ရှိသော ဒုတိယအထွေထွေမန်နေဂျာ လစာနှုန်း (၃၄၀,၀၀၀-၄,၀၀၀-၃၆၀,၀၀၀) ရာထူးနေရာသို့ ၂၀၁၇ ခုနှစ်၊ ဧပြီလ ၂၅ ရက်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် ၄၂/၂၀၁၇**

နေပြည်တော်၊ ၁၃၇၉ ခုနှစ်၊ ကဆုန်လဆန်း ၃ ရက်

(၂၀၁၇ ခုနှစ်၊ ဧပြီလ ၂၈ ရက်)

၂၀၁၇ ခုနှစ်၊ ဧပြီလ ၂၇ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၈/၂၀၁၇) ၏ သဘောတူခွင့်ပြုချက်အရ စီမံကိန်းနှင့်

ဘဏ္ဍာရေးဝန်ကြီးဌာန၊ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်၊ ဦးဆောင်ညွှန်ကြားရေးမှူး ဦးညီဖြူလှ အား အသက် (၆၀) နှစ်ပြည့်ပြီးနောက် ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့မှ ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်နေ့အထိ ဦးဆောင်ညွှန်ကြားရေးမှူးရာထူးနေရာတွင် ပထမအကြိမ် တစ်နှစ် ခန့်အပ်လိုက်သည်။

ကျော်ဝင်း၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန**

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် ၅/၂၀၁၇**

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၈ ရက်

(၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်)

၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၅ ရက်နေ့တွင် ကျင်းပသည့် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၁/၂၀၁၇) ၏ သဘောတူခွင့်ပြုချက်အရ တပ်မတော် (ကြည်း) က စစ်မှုထမ်းခြင်းမှ နုတ်ထွက်ခွင့် ပြုလိုက်သည့် ဒုတိယဗိုလ်မှူးကြီးအောင်စိုးဝင်း (ငြိမ်း) နိုင်ငံသားစိစစ်ရေးကတ်အမှတ် [၉/လဝန (နိုင်) ၀၀၈၇၅၆] အား တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး၊ အုပ်ချုပ်ရေးနှင့် လူ့စွမ်းအား အရင်းအမြစ် စီမံခန့်ခွဲရေးဌာနခွဲတွင် လစ်လပ်လျက်ရှိသည့် လက်ထောက်အတွင်းဝန်/ညွှန်ကြားရေးမှူး ရာထူး လစာနှုန်း (၃၄၀,၀၀၀-၄,၀၀၀-၃၆၀,၀၀၀) နေရာတွင် ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်နေ့မှစ၍ ခန့်ထားလိုက်သည်။

နိုင်သက်လွင်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန။

**[ယခင်အပတ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်၊ အမိန့်ကြော်ငြာစာအမှတ် (၄/၂၀၁၇) ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ရန်ကုန်တိုင်းဒေသကြီး၏ ဒေသန္တရစီမံကိန်းဥပဒေမှအဆက်]**

**TWHUP တွင် လုပ်ဆောင်မည့်အစီအစဉ်များမှာ -**

(၁) မြစ်ကြောင်းသယ်ယူပို့ဆောင်ရေးစနစ်နှင့်ပတ်သက်၍

(က) သင်္ဘောများ

(ခ) သင်္ဘောဆိပ်ကမ်းများ

(ဂ) အချက်ပြဆက်သွယ်ရေးကိရိယာများ

(ဃ) သာကေတတံတား

(င) သောင်တူးဖော်ခြင်းများကိုဆောင်ရွက်ရန်၊

(၂) ငမိုးရိပ်ချောင်းတစ်လျှောက် ကနဦးဆောက်မည့်နေရာများနှင့်ပတ်သက်၍
(က) ဥက္ကလာပဘုရား
(ခ) ငမိုးရိပ်
(ဂ) မလ္လကုန်းဘူတာ
(ဃ) ပုဇွန်တောင်ဈေးတို့ကိုအဆင့်မြှင့်တင်တည်ဆောက်ရန်၊

(၃) မြစ်ကမ်းပါးနံဘေးရှိမြို့ပြများဖွံ့ဖြိုးရေးနှင့်ပတ်သက်၍
(က) ဗိုလ်တထောင်မြို့နယ်
(ခ) လမ်းမတော်မြို့နယ်များတွင် ဖွံ့ဖြိုးရေးဆောင်ရွက်ရန်၊

(၄) ရှေးဟောင်းအမွေအနှစ်များ ကာကွယ်စောင့်ရှောက်ရေးနှင့်ပတ်သက်၍
(က) ဆိပ်ကမ်းသာလမ်းနှင့်ပန်းဆိုးတန်းလမ်း
(ခ) Community and Knowledge Quarter
(ဂ) အမျိုးသားစာကြည့်တိုက်များ ပြန်လည်ပြင်ဆင်ဆောင်ရွက်ရန်၊

TWHUP ကို ဆောင်ရွက်ရန်အတွက် Euro သန်း (၇၀) နှင့် (၈၅) သန်းကြား ကုန်ကျမည်ဟု မျှော်မှန်းထားပါသည်။ ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက်နေ့တွင် AFD ဘုတ်အဖွဲ့၏ သဘောတူညီချက်အရ AFD မှ Euro သန်း (၇၀) ကို ပြည်ထောင်စုအစိုးရသို့ ချေးငွေထုတ်ချေးပေးမည်ဖြစ်ပါသည်။ ပြည်သူများထံခိုက်မှုရှိပါက ပေးရမည့်လျော်ကြေးငွေနှင့်ပြန်လည်တည်ဆောက်ရေး ကုန်ကျစရိတ်များ၊ အခွန်အခများကို ပြည်ထောင်စုဘတ်ဂျက်/တိုင်းဒေသကြီးဘတ်ဂျက်တို့မှ ကျခံသုံးစွဲမည်ဖြစ်ပါသည်။

ထို့အပြင် AIF (EU Asian Investment Facility) မှ Euro (၈) သန်း ထောက်ပံ့ငွေကို AFD (Agency Of Frency Development) က ကမ်းလှမ်းထားပါသည်။

TWHUP တွင် ရင်းနှီးမြှုပ်နှံမည့်အစီအစဉ်များမှာ -

(၁) **ငမိုးရိပ်ချောင်းတစ်လျှောက်ခရီးသည်များအတွက် မြစ်ကြောင်းသယ်ယူပို့ဆောင်ရေးစနစ် - Euro (၁၇. ၇၅) သန်း**
(က) သင်္ဘောများ (Euro ၃. ၅ သန်း)
(ခ) သင်္ဘောဆိပ်ကမ်းများ (Euro ၃. ၀၉ သန်း)
(ဂ) အချက်ပြဆက်သွယ်ရေးကိရိယာများ (Euro ၁. ၈၃ သန်း)
(ဃ) သာကေတတံတားသန့်ရှင်းရေး (Euro ၇. ၂၈ သန်း)
(င) သောင်တူးဖော်ခြင်းလုပ်ငန်းများ (Euro ၂. ၀၅ သန်း)

(၂) **ငမိုးရိပ်ချောင်းတစ်လျှောက် ကနဦးဆောက်လုပ်မည့်လုပ်ငန်းများ [Euro (၁၅. ၆) သန်း]**
(က) ဥက္ကလာပဘုရားအနီး လက်မှတ်ရုံပတ်ဝန်းကျင်နှင့် Public Space နှင့် Streetscape များအား တိုးတက်အောင်ဆောင်ရွက်ခြင်း (Euro ၀. ၉၂ သန်း)
(ခ) ငမိုးရိပ်မြစ်ကြောင်းသွားလာမှု တိုးတက်အောင်ဆောင်ရွက်ခြင်းနှင့် ဘတ်စ်ကားဂိတ်များနှင့်ဆက်သွယ်ခြင်း၊ ဘတ်စ်ကားဂိတ်အသစ်များနှင့် ဆက်သွယ်ခြင်း (Euro ၉. ၆ သန်း)
(ဂ) မလ္လကုန်းဘူတာလက်မှတ်ရုံပတ်ဝန်းကျင်နှင့် Public Space နှင့် Streetscape များအား တိုးတက်အောင်ဆောင်ရွက်ခြင်း (Euro ၀. ၇ သန်း)
(ဃ) ပုဇွန်တောင်ဈေး အဆင့်မြှင့်တင်ခြင်းနှင့် လက်မှတ်ရုံပတ်ဝန်းကျင်အား တိုးတက်အောင် ဆောင်ရွက်ခြင်း (Euro ၄. ၃၈ သန်း)

(၃) **မြစ်ကမ်းပါးနံဘေးရှိမြို့ပြများဖွံ့ဖြိုးရေး (Euro ၄. ၉၁ သန်း)**

(က) ဗိုလ်တထောင်မြို့နယ် Public Space တိုးတက်အောင်ဆောင်ရွက်ခြင်း (Euro ၂. ၆၄ သန်း)

(ခ) ဆိပ်ကမ်းသာပန်းခြံပြန်လည်ပြုပြင်တည်ဆောက်ခြင်းနှင့် Public Space အသစ်ပြုလုပ်ခြင်း၊ (Euro ၁. ၅၄ သန်း)

(ဂ) ကျောက်တံတား၊ လမ်းမတော်ဧရိယာတွင် Public Space တိုးတက်အောင် ဆောင်ရွက်ခြင်းနှင့် ကုန်တင်ပို့ရန် Pier တည်ဆောက်ခြင်း (Euro ၀. ၇၃ သန်း)

(၄) **ရန်ကုန်မြို့တွင်းအဆင့်မြှင့်တင်ခြင်း-ရှေးဟောင်းအမွေအနှစ်ဧရိယာ (Euro ၁၃. ၇၄ သန်း)**

(က) ကမ်းနားလမ်းနှင့်ပန်းဆိုးတန်းလမ်းဆုံအသစ်တည်ဆောက်ခြင်း (Euro ၂. ၈၈ သန်း)

(ခ) ပန်းဆိုးတန်း Public Space နှင့် Networks အဆင့်မြှင့်တင်ခြင်း (Euro ၁. ၂၅ သန်း)

(ဂ) စာပေဗိမာန်အဆောက်အဦအား ရှေးဟောင်းအမွေအနှစ်အဖြစ် ပြန်လည်ရယူခြင်း၊ (Euro ၁. ၆၁ သန်း)

(ဃ) မြန်မာ့ရေနံရုံးအဆောက်အဦအား အမျိုးသားစာကြည့်တိုက်အသစ်အဖြစ် ပြောင်းလဲခြင်း၊ Euro (၈) သန်း-ထောက်ပံ့ငွေ

(၅) **TWHUP အတွက်အသေးစိတ်ဒီဇိုင်းရေးဆွဲခြင်း၊ စာချုပ်ချုပ်ဆိုခြင်းနှင့် လုပ်ငန်းများကြီးကြပ်ဆောင်ရွက်ခြင်း (Euro ၁၀ သန်း)**

TWHUP တွင် လုပ်ငန်းစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် လူ့စွမ်းအားအရင်းအမြစ် တည်ဆောက်ရန်အတွက် ရင်းနှီးမြှုပ်နှံမည့်အစီအစဉ်များမှာ PMU (Project Management Unit) အတွက် အသုံးစရိတ် Euro ၃ သန်းနှင့် လုပ်ငန်းစီမံကိန်းများ စီမံခန့်ခွဲခြင်းနှင့် ညှိနှိုင်းဆောင်ရွက်ခြင်းအတွက် ပြင်ပအတိုင်ပင်ခံ အသုံးစရိတ် Euro ၃ သန်းနှင့် TWHUP အရေးပေါ်ကိစ္စများအတွက် Euro ၁၀ သန်းကျခံသုံးစွဲသွားမည်ဟု ခန့်မှန်းထား၍ TWHUP ကို အကောင်အထည်ဖော်ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။

## Department for International Development (DFID)

## (ဗြိတိန်နိုင်ငံ၏ နိုင်ငံတကာ ဖွံ့ဖြိုးရေးဌာန UK Aid မှ ရန်ကုန်တိုင်းဒေသကြီးအတွင်း စက်မှုဇုန် (၂၉) ခုတွင် လေ့လာဆန်းစစ်ချက် ဆောင်ရွက်မှု)

**ရည်ရွယ်ချက်**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်မှုဇုန် (၂၉) ခု ဖွံ့ဖြိုးတိုးတက်မှု ဆောင်ရွက်နိုင်ရေး မဟာဗျူဟာ စီမံကိန်း ရေးဆွဲနိုင်ရန် -

(က) နိုင်ငံတကာမှ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်နိုင်အောင်ဆောင်ရွက်နိုင်ရန်

(ခ) အခြေခံအဆောက်အအုံတိုးတက်အောင်ဆောင်ရွက်နိုင်ရန် (လမ်း၊ လူမှုဆိုင်ရာ ဝန်ဆောင်မှုများ)

(ဂ) အလုပ်သမားများအတွက် တန်ဖိုးသင့်အိမ်ရာဆောင်ရွက်နိုင်ရန်

တို့အတွက် လေ့လာ ဆန်းစစ်မှုတစ်ရပ်ကို Consultant ၂ ဦးဖြင့် ဆန်းစစ်လျက်ရှိပြီး လေ့လာမှုရလဒ်ရရှိပါက ဆောင်ရွက်ရမည့် အကြံပေးချက် (Action Plan) နှင့် အစိုးရမှ ဝင်ရောက်ဆောင်ရွက်သင့်သည့် အချက်များကို ထည့်သွင်းဖော်ပြ၍ ရန်ကုန်တိုင်းဒေသကြီးအစိုးရသို့ သကြ်န်ကာလအပြီးတွင် တင်ပြမည် ဖြစ်ပါသည်။

**သုံးသပ်ချက်**

မဟာရန်ကုန်မြို့ပြဖွံ့ဖြိုးရေး မဟာဗျူဟာစီမံကိန်းသည် ၂၀၄၀ ခုနှစ် ရန်ကုန်မြို့၏ လူမှုစီးပွားရေး ဖွံ့ဖြိုးမှုအပေါ် မျှော်မှန်းသော စီမံကိန်းဖြစ်ပြီး ရန်ကုန်မြို့၏ မြို့ပြဖွံ့ဖြိုးရေးကဏ္ဍနှင့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးကဏ္ဍတွင် ဟန်ချက်ညီဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဦးစားပေးဆောင်ရွက်ရမည့်စီမံကိန်းများ၊ ကာလတို စီမံကိန်းများ ကာလလတ်စီမံကိန်းများနှင့် ကာလရှည် စီမံကိန်းတို့တွင် နှစ်အလိုက်ရည်မှန်းချက်နှင့်လုပ်ငန်းစဉ်များ ချမှတ်ထားရှိပါသည်။ သို့သော် လက်တွေ့စီမံကိန်း ဆောင်ရွက်ရာတွင် နိုင်ငံရေး၊ စီးပွားရေး၊ ပြောင်းလဲမှုများနှင့် အညီ မြို့ပြဖွံ့ဖြိုးရေး မျှော်မှန်းချက်များ ပြောင်းလဲလာမည်ဖြစ်သဖြင့် မြို့ပြစီမံကိန်းရေးဆွဲရန် တာဝန်ယူဆောင်ရွက် ရသည့် အဖွဲ့အစည်းများအနေဖြင့် ဒေသနှင့်ဒေသခံပြည်သူများ၏ လူမှုစီးပွားရေးဆိုင်ရာ အချက်အလက်များ အပေါ် အချိန်နှင့်တစ်ပြေးညီ လက်ခံရယူခြင်း၊ သုံးသပ်ခြင်း၊ စီမံကိန်းများ ပြုပြင်ရေးဆွဲခြင်းတို့ ဆောင်ရွက်ရမည် ဖြစ်ကြောင်း တင်ပြအပ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်

## အမိန့်ကြော်ငြာစာအမှတ် (၃/၂၀၁၇)

၁၃၇၈ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၈ ရက်

(၂၀၁၇ ခုနှစ်၊ မတ်လ ၂၀ ရက်)

၁။ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်သည် ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ ဥပဒေ ပုဒ်မ ၂၃၊ ၂၄၊ ၂၅ နှင့်အညီ ဒုတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန် အစည်းအဝေး ဒသမနေ့ ၂၀၁၆ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့တွင် တရားစီရင်ရေး၊ ဥပဒေစိုးမိုးရေးနှင့် တိုင်ကြားစာများ၊ အသနားခံစာများ စိစစ်ရေးကော်မတီကို ဖွဲ့စည်းခဲ့ပြီးဖြစ်ပါသည်။

၂။ ဒုတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ပထမနေ့ ၂၀၁၇ ခုနှစ်၊ မတ်လ ၂၀ ရက်နေ့ အစီအစဉ်အရ တရားစီရင်ရေး၊ ဥပဒေစိုးမိုးရေးနှင့် တိုင်ကြားစာများ၊ အသနားခံစာများ စိစစ်ရေးကော်မတီအဖွဲ့ဝင် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ကြည်း ၃၆၂၅၈ ဗိုလ်မှူးစံသာနေအောင် (အစား) ကြည်း ၃၆၄၇၄ ဗိုလ်မှူးကိုကိုလတ် အား ပြောင်းလဲတာဝန်ပေးအပ်လိုက်သည်။

တင်မောင်ထွန်း

လွှတ်တော်ဥက္ကဋ္ဌ

ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ရုံး

## အမိန့်ကြော်ငြာစာအမှတ် (၆/၂၀၁၇)

၁၃၇၈ ခုနှစ်၊ တန်ခူးလဆန်း ၅ ရက်

(၂၀၁၇ ခုနှစ်၊ ဧပြီလ ၁ ရက်)

၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁၈/၂၀၁၆) ၏ သဘောတူညီချက်အရ ဖွဲ့စည်းမိန့် ထုတ်ပြန်ခဲ့သည့် ပြည်ထောင်စုလွှတ်တော်ရုံး၏ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် (၉/၂၀၁၇) နှင့်အညီ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ရုံး ဖွဲ့စည်းပုံကို အရာထမ်းရာထူး ၁၈ နေရာ၊ အမှုထမ်းရာထူး ၁၀၆ နေရာ၊ စုစုပေါင်း ၁၂၄ နေရာဖြင့် ယနေ့မှစ၍ ဖွဲ့စည်းလိုက်သည်။

(ပုံ) တင်မောင်ထွန်း

ဥက္ကဋ္ဌ

ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး

### အမိန့်အမှတ် (၉/၂၀၁၇)

မန္တလေးမြို့၊ ၁၃၇၈ ခုနှစ်၊ တန်ခူးလဆန်း ၁၁ ရက်
(၂၀၁၇ ခုနှစ်၊ ဧပြီလ ၇ ရက်)

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ကြီးကြပ်မှုအောက်ရှိ မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ရုံးမှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးမင်းအောင်မြင့်စိုး အား ၂၀၁၆ ခုနှစ်၊ မတ်လ ၁၈ ရက်မှစတင်၍ ညွှန်ကြားရေးမှူး လစာနှုန်း (၃၄၀,၀၀၀-၄,၀၀၀-၃၆၀,၀၀၀) ရာထူးအဆင့်သို့ အစမ်းတိုးမြှင့်ခန့်ထားခဲ့ရာ ၂၀၁၇ ခုနှစ်၊ မတ်လ ၁၈ ရက်နေ့တွင် အစမ်းခန့်ကာလ တစ်နှစ်ပြည့်ပြီး ဖြစ်ပါ၍ ညွှန်ကြားရေးမှူးရာထူးအား အတည်ပြုခန့်ထားလိုက်သည်။

ဒေါက်တာဇော်မြင့်မောင်
ဝန်ကြီးချုပ်
မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပဲခူးတိုင်းဒေသကြီးလွှတ်တော်ရုံး

### အမိန့်ကြော်ငြာစာအမှတ် (၄/၂၀၁၇)

၁၃၇၈ ခုနှစ်၊ တန်ခူးလဆန်း ၅ ရက်
(၂၀၁၇ ခုနှစ်၊ ဧပြီလ ၁ ရက်)

၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁၈/၂၀၁၆) ၏ သဘောတူညီချက်အရ ဖွဲ့စည်းမိန့်ထုတ်ပြန်ခဲ့သည့် ပြည်ထောင်စုလွှတ်တော်ရုံး၏ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၉/၂၀၁၇) နှင့်အညီ ပဲခူးတိုင်းဒေသကြီးလွှတ်တော်ရုံး ဖွဲ့စည်းပုံကို အရာထမ်းရာထူး ၁၈ နေရာ၊ အမှုထမ်းရာထူး (၁၀၆) နေရာ၊ စုစုပေါင်း (၁၂၄) နေရာဖြင့် ယနေ့မှစ၍ ဖွဲ့စည်းလိုက်သည်။

(ပုံ) ခင်မောင်ရင်
ဥက္ကဋ္ဌ
ပဲခူးတိုင်းဒေသကြီးလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ရုံး

### အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၁၇)

မုံရွာမြို့၊ ၁၃၇၈ ခုနှစ်၊ တန်ခူးလဆန်း ၅ ရက်
(၂၀၁၇ ခုနှစ်၊ ဧပြီလ ၁ ရက်)

၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁၈/၂၀၁၆) ၏ သဘောတူညီချက်အရ ဖွဲ့စည်းမိန့်ထုတ်ပြန်ခဲ့သည့် ပြည်ထောင်စုလွှတ်တော်ရုံး၏ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၉/၂၀၁၇) နှင့်အညီ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ရုံးဖွဲ့စည်းပုံကို အရာထမ်းရာထူး (၁၈) နေရာ၊ အမှုထမ်းရာထူး (၁၀၆) နေရာ၊ စုစုပေါင်း (၁၂၄) နေရာဖြင့် ၂၀၁၇ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှစ၍ ဖွဲ့စည်းလိုက်သည်။

(ပုံ) ဦးသန်း
ဥက္ကဋ္ဌ
စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**မကွေးတိုင်းဒေသကြီးလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၁၇)**

၁၃၇၈ ခုနှစ်၊ တန်ခူးလဆန်း ၅ ရက်

(၂၀၁၇ ခုနှစ်၊ ဧပြီလ ၁ ရက်)

